မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ်(၁၂၄)

သီးနှံစိုက်ဧက တိုးချဲ့ခြင်း၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်း တိုးတက်စေခြင်း၊ သီးထပ်စိုက်စွမ်းအား မြှင့်တင်ခြင်းတို့ဖြင့် လယ်ယာကုန်ထုတ်လုပ်မှု အခြေအနေကို တိုးတက်သည်ထက် တိုးတက်အောင် လုပ်ကိုင်။

ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကအားထားရသည့်တိုင်းဖြစ်
စိုက်ပျိုးထုတ်လုပ်မှု မြင့်မားတိုးတက်နေအောင် အမြဲတမ်းအားထုတ်ကြိုးပမ်း
တည်ရှိနေသော မြေသယံဇာတများကို ထိရောက်စွာ အသုံးချနိုင်အောင် ကြိုးပမ်းဆောင်ရွက်
လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ခြေစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုး

ရန်ကုန် ဇန်နဝါရီ ၃၁

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ဧရာဝတီတိုင်း မြောင်းမြနှင့်ပုသိမ် ဆက်သွယ်သည့် ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား တည်ဆောက်ပြီးစီးမှုများကို ယမန်နေ့မွန်းလွဲပိုင်းတွင် ကြည့်ရှုစစ်ဆေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ■

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်) တံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား

ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတားမှာ ပုသိမ်-မြောင်းမြလမ်းပေါ်၌ တည်ရှိသည့်တံတား ဖြစ်၊ တံတားအပေါ်ထည်မှာ ဘေလီကြိုးတံတား၊ သံကူကွန်ကရစ်အမျိုးအစားဖြစ်၊ အောက်ထည်မှာ သံကူကွန်ကရစ်နှင့် အုတ်မြစ်မှာ သံကူကွန်ကရစ် လွန်တူးပိုင်တံတားအမျိုးအစားဖြစ်သည်။ ပင်မတံတား၏အရှည်ပေ ၅၄၀ အပါအဝင် စုစုပေါင်းပေ ၁၂၆၀ရှည်သည့် တံတားဖြစ်။



နိုင်ငံတော်ပွဲ့ စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်)

မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ကျေးလက်ဖွံ့ဖြိုးရေး ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုး

နယ်စပ်ဒေသများအပါအဝင် နိုင်ငံတော်၏ ဒေသအသီးသီး ကွက်လပ်မကျန် မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် နိုင်ငံတော်က စီမံဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က ဦးဆောင်ပြီး ဆောင်ရွက်ခဲ့၍ ပြည်နယ်၊တိုင်း ဒေသအသီးသီးသည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာလျက်ရှိသည်။ ရွာကိုရွာနှင့်တူအောင်၊ မြို့ကို မြို့နှင့်တူအောင်၊ ကျန်းမာရေးနှင့် ညီညွတ်အောင် တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်ဒေသသည် နယ်စပ်ဒေသမဟုတ်သော်လည်း ပင်လယ်ပြင်နှင့် ထိစပ်လျက်ရှိသည့် ဒေသဖြစ်သဖြင့် အုပ်ချုပ်မှုစနစ် ထိရောက်မှန်ကန်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာဒေသ အေးချမ်းလုံခြုံရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသတွင်း စီးပွားတောင့်တင်းရေးတို့ကို အလေးထား၍ လုပ်ကိုင်နိုင်စေရန် နိုင်ငံတော်အပိုင်းက စီမံဆောင်ရွက်ပေးထားပြီးဖြစ်သည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက်ပိုင်းတွင် ဧရာဝတီတိုင်း ပုသိမ်မြို့နယ် ငွေဆောင်မြို့ ရောက်ချောင်းကျေးရွာ၌ကျင်းပသည့် ခြံစည်းရိုးကြက်ဆူမျိုးစေ့၊ မျိုးကိုင်းများ ပျိုးထောင်ခြင်းနှင့် စိုက်ပျိုးခြင်း အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ခဲ့သည်။

ယင်းအခမ်းအနားတွင် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို မှာကြားပြီး သစ်ပင်မှ ဇီဝလောင်စာရရှိသည့် ကြက်ဆူပင်စိုက်ပျိုးရေးကို ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းတစ်ခုအဖြစ်ခံယူ၍ ဖိဖိစီးစီး လုပ်ကိုင်သွားကြရန်

လမ်းညွှန်မှာကြားကာ ခြံစည်းရိုးကြက်ဆူပင်ကို စတင်စိုက်ပျိုးပေးသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကြက်ဆူဆီဖြင့် မြင်းကောင်ရေ(၅၀)အားရှိ ထွန်စက်ကြီးကို မောင်းနှင်ပြသမှု၊ ကြက်ဆူဆီဖြင့် စပါးရိတ်စက်၊ လယ်ယာ(၁၆)လက်တွန်းထွန်စက်၊ မီးစက်၊ ပဲ့ထောင်ရေယာဉ် အင်ဂျင်စက်၊ ရေစုပ်စက်တို့ကို မောင်းနှင်အသုံးပြုနိုင်မှု ပြသခြင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ငွေဆောင်–ဆင်မကားလမ်းသည် ၁၃ မိုင်နှင့် ဆင်မ–ရေတ်ကောင်း ကားလမ်းသည် ၁၉ မိုင်ရှိသည်။ ငွေဆောင်–ဆင်မ–ရေတ်ကောင်း ကားလမ်းမှာ နွေရာသီနှင့် ဆောင်းရာသီတို့တွင် ကောင်းမွန်စွာ ဆက်သွယ်သွားလာနိုင်သည်။ ဆင်မကျေးရွာအနီး၌ အရှည်ပေ ၁၅၀၊ အကျယ် ၁၂ ပေရှိမည့် ဆင်မတံတားကို တည်ဆောက်လျက်ရှိပြီး တံတားတည်ဆောက်မှုလုပ်ငန်းများကို မတ်လကုန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားမည် ဖြစ်ပေသည်။

ငွေဆောင်–ဆင်မ–ရေတ်ကောင်းလမ်းကို စည်ပင်သာယာရေးအဖွဲ့ကပင် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တိုးတက်ကောင်းမွန်အောင် တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ စည်ပင်သာ ယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာ ဖွံ့ဖြိုးရေးလုပ်ငန်းများကိုသာမက ကျေးလက်ဒေသ ဖွံ့ဖြိုးရေး၊ ကျေးလက်လမ်းများ ကောင်းမွန်ရေး၊ ကျေးလက်ရေရရှိရေးတို့ကိုပါ လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်သည်။

ထို့ကြောင့် စည်ပင်သာယာရေးအဖွဲ့များက ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို စနစ်တကျ ကျယ်ကျယ်ပြန့်ပြန့် ယခုထက် လုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် စည်ပင်သာယာရေးအဖွဲ့များ၏ အခန်းကဏ္ဍကို ပေါ်လွင်အောင် မြှင့်တင်သွားရမည်ဖြစ်သည်။ သို့မှသာ ကျေးလက်ဒေသများသည် ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်ကြီး တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများအနေဖြင့် နိုင်ငံတော်၏ စီမံဆောင်ရွက်ပေးထားမှုများအပေါ် နားလည်မှုရှိရှိဖြင့် မိမိဒေသ၊ မိမိရပ်ရွာ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်သည်ထက် ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ထမ်းဆောင်သွားကြရမည်ဖြစ်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုမည့် ခြံစည်းရိုးကြက်ဆူပင်များကို အင်တိုက်အားတိုက် တိုးချဲ့စိုက်ပျိုးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အိမ်တွင်းမှုအဆင့်မြင့် စက်ချုပ်သင်တန်းနှင့် စာရေးဝန်ထမ်း သင်တန်းဆင်း

ရန်ကုန် ဇန်နဝါရီ ၃၁

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အိမ်တွင်းမှုအဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၉)၊ စာရေးဝန်ထမ်းသင်တန်း အမှတ်စဉ် (၃၈/၃၉)သင်တန်းများဆင်းပွဲ အခမ်းအနားကို ဒဂုံမြို့သစ်(မြောက်ပိုင်း) အမှတ် (၅၁)ရပ်ကွက်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ယမန်နေ့ညနေက ကျင်းပရာ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ နည်းပြဆရာ၊ဆရာမများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဆုများပေးအပ်

သင်တန်းများဆင်းပွဲတွင် ပညာရေးနှင့်လေ့ကျင့်ရေး ဦးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးသန်းဝင်းက သင်တန်းဆင်း အမှာစကားပြောကြားကာ **(အပေါ်ပုံ)** အိမ်တွင်းမှု အဆင့်မြင့် စက်ချုပ်သင်တန်းမှ စံပြသင်တန်းသူဆုရ ဒေါ်နှင်းနုငယ် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ သင်တန်းကျောင်း (ဗန်းမော်)ကိုလည်းကောင်း၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ်(၃၈)တွင် စံပြသင်တန်းသားဆုရ ဦးအောင်ကိုကို ပစ္စည်းထိန်း(၄) ဒိုက်ဦးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စာပေထူးချွန်ဆုရ ဦးသောင်းသိန်းသန်း အကြီးတန်းစာရေး ပဲခူးမြို့နယ်စည်ပင်သာယာရေး အဖွဲ့တို့ကိုလည်းကောင်း၊ စာရေးဝန်ထမ်းသင်တန်းအမှတ်စဉ် (၃၉)တွင် စာပေထူးချွန်ဆုရ ဦးမင်းမင်းဦး အငယ်တန်းစာရေး၊ လယ်ဝေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့တို့ကိုလည်းကောင်း ဆုများအသီးသီး ချီးမြှင့်ပေးခဲ့ပြီး သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူ ခေါင်းဆောင်များသို့ ပေးအပ်သည်။

အိမ်တွင်းမှုအဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၉)တွင် ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ သင်တန်းသူ ၂၀၊ စာရေးဝန်ထမ်း သင်တန်းအမှတ်စဉ် (၃၈/၃၉)တွင် စည်ပင်သာယာရေးဦးစီးဌာနမှ သင်တန်းသား ၈၉ဦး စုစုပေါင်း သင်တန်းသား၊သင်တန်းသူ၁၀၉ဦးတက်ရောက်ပြီး သင်တန်းကာလမှာ ရက်သတ္တပတ်၁၂ပတ် ဖြစ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁–၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၂၀	၄။	လက်စွမ်းပြဟန် ဂီတသံ
၄း၃၀	၅။	ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄း၄၀	၆။	မျိုးချစ်တပ်မတော်
၄း၅၀	၇။	ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
၅း၀၀	၈။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၉။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၁၀။	သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀	၁၁။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၂။	နိုင်ငံတကာသတင်း
၆း၂၀	၁၃။	မိုးလေဝသသတင်း
၆း၂၅	၁၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၅။	လျှပ်တစ်ပြက်
၇း၀၀	၁၆။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"နေခြည်ဖြာမှ"** (အပိုင်း–၈)
၈း၀၀	၁၇။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၉။	ဗီစီဒီကျော်ကြားတေးများ
	၂၀။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"တရားစီရင်ထုံး"** (အပိုင်း–၇)

ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ပဲခူးတိုင်း ဥသျှောင်ခြံ မြို့သစ် ရန်ကုန်–မန္တလေးလမ်းမကြီး ပညာမွန်ကျောင်းတိုက် ပရိဝုဏ်အတွင်းတည်ထားအပ်သည့် မနောမယပတ္တမြားစေတီတော်မြတ်ကြီး အဌမအကြိမ် ဗုဒ္ဓပူဇနီယပွဲတော်ကို ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပမည်ဖြစ်သည်။ နှစ်စဉ် အလှူရှင်ဖြစ်သော ဦးသိုင်းဝင်း(သီဟသုဓမ္မမဏိဇောတဓရ)၊ ဇနီး ဒေါ်ငွေငွေညွှန့် (သီဟသုဓမ္မသိင်္ဂီ)မိသားစု (ဘီတီဘီကုမ္ပဏီ) အလုံမြို့နယ်တို့က ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့အား နံနက်ပိုင်းတွင် ထမနဲ၊ ဆွမ်းဘောဇဉ်၊ ချိုချဉ်၊ သစ်သီး၊ ပန်း၊ ဆီမီးတို့ဖြင့် လှူဒါန်းပူဇော်ခြင်း၊ ပင့်သံဃာတော် ၅၄ပါးတို့အား ဆွမ်းဆန်စိမ်းများလောင်းလှူ၍ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

တာမွေကြီးပွားရေးဓမ္မာရုံ တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

တာမွေမြို့နယ် တာမွေကြီး(က+ခ)ရပ်ကွက်လုံးဆိုင်ရာ တာမွေကြီးပွားရေးဓမ္မာရုံ၏ (၇၅)ကြိမ်မြောက် ဆွမ်းဒါနအောင်ပွဲ အထိမ်းအမှတ် တရားပွဲကို အဆိုပါဓမ္မာရုံ ဥပစာရှေ့တွင် နေ့စဉ် ညနေ ၆နာရီမှစ၍ သုံးရက်တိုင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၈ရက်တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရကလည်းကောင်း၊ ၉ရက်တွင် ဓမ္မဒူတဆရာတော် အရှင်ဆေကိန္ဒိကလည်းကောင်း၊ ၁၀ ရက်တွင် ဓမ္မစေတီဆရာတော် အရှင်ကောသလ္လကလည်းကောင်း နိမန္တန် ရောက်ကြောင်း တရားများ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

MRTV- ရုပ်မြင်သံကြားအစီအစဉ်

၁–၂–၂၀၀၆(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	Business Talk(ဦးမျိုးမြတ်သူ၊မောင်ဆုရှင်၊ ဦးကျော်ဇောနိုင်)
၇း၅၅	တေးဂီတအစီအစဉ်
၈း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၈း၀၅	တေးဂီတအစီအစဉ်
၈း၁၀	အကယ်၍သာ (မျိုးသန္တာထွန်း၊ ချစ်စန်းဦး)
၈း၂၀	တေးဂီတအစီအစဉ်
၈း၂၅	မေးကြည့်ဖြေကြည့်ပဟေဠိ (ထွန်းထွန်း၊ပုလဲဝင်း)
၈း၅၀	တေးဂီတအစီအစဉ်
၈း၅၅	ပြည်တွင်းသတင်းအကျဉ်း
၉း၀၅	**Myanmar Video Rhythm**
၉း၀၅	တေးဂီတအစီအစဉ်
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	Say It In English
၁၀း၁၀	တေးဂီတအစီအစဉ်
၁၀း၁၅	မိခင်လောင်းများအတွက် အာဟာရ
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	အကွက်ဖော်အထပ်သားနှင့် သစ်ပါးလွှာ ပန်းချီထုတ်လုပ်မှုလုပ်ငန်း
၁၁း၀၅	တေးဂီတအစီအစဉ်
၁၁း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀	ကျော်ကြားထင်ရှားအနုပညာ ပုလဲပန်းများ (စန္ဒရားချစ်ဆွေ)
၁၁း၅၅	တေးဂီတအစီအစဉ်
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ငါးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	အစီအစဉ်	လိုင်း
၂၂း၂၅	Liverpool - Birmingham	5-Sports(Live)
	Blackburn- Man United	5-Movies(Live)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ဌာနေ ပြန်ကြတော့မည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဇန်နဝါရီ ၃၁

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သန်းဌေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အေးမြင့်ကြူနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များနှင့်အတူ အမျိုးသားညီလာခံ ခေတ္တရပ်နားပြီး မိမိတို့၏ဌာနေ မိသားစုများထံ ပြန်ကြတော့မည့် အမျိုးသားညီလာခံကိုယ်စားလှယ်များအား အမျိုးသားညီလာခံကျင်းပသည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ညောင်နှစ်ပင်စခန်းရှိ ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီရုံးသို့ မွန်းလွဲ ၁၂နာရီခွဲတွင် ရောက်ရှိကြပြီး မိမိတို့၏နေရပ်သို့ ပြန်လည်ထွက်ခွာရန် စုစည်း ရောက်ရှိနေကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားတွေ့ဆုံ၍ ကိုယ်စားလှယ်များ၏ သွားလာရေး၊ နေထိုင်စားသောက်ရေးများကို မေးမြန်းကာ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများဖြင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်း တောင်းပါကြောင်းဖြင့် နှုတ်ခွန်းဆက်စကားပြောကြားပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမျိုးသားညီလာခံတွင် လာရောက်ရောင်းချသော ဈေးဆိုင်များအား လှည့်လည်ကြည့်ရှုအားပေးပြီး ရောင်းဝယ်မှု အခြေအနေများကို မေးမြန်းကာ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်၍ မွန်းလွဲ ၁နာရီတွင် ပြန်လည်ထွက်ခွာသွားသည်။

(သတင်းစဉ်)

ရင်းရင်းနှီးနှီး နှုတ်ဆက်

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင် များ အမျိုးသားညီလာခံ ခေတ္တ ရပ်နားပြီး မိမိတို့၏ဌာနေ မိသားစု များထံ ပြန်ကြတော့မည့် အမျိုး သားညီလာခံ ကိုယ်စားလှယ်များ အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁–၂–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တောင်တန်း သာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ အတီးပြိုင်ပွဲ
- ၈:၀၅ ၆။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၇။ အဆိုပြိုင်ပွဲ
- ၈:၂၀ ၈။ ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတားများ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Let's Go

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အကပြိုင်ပွဲ
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒ၊အထူးပြု) [ဓာတုဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၁၇:၁၀ ၆။ အတီးပြိုင်ပွဲ
- ၁၇:၂၀ ၇။ သီချင်းကြီးပဒေသာ
- ၁၇:၃၀ ၈။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၇:၄၀ ၉။ မြန်မာ့ရိုးရာလက်ဝှေ့ပွဲ
- ၁၈:၀၀ ၁၀။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၂။ သုတစုံလင်ရွှေဉာဏ်ရှင်
- ၁၉:၀၅ ၁၃။ အနာကြီးရောဂါ ဆက်လက် ကင်းဝေးဖို့ ဝိုင်းဝန်းကူညီ ဆောင်ရွက်စို့
- ၁၉:၂၀ ၁၄။ သူ့အမြင် သူ့အတွေး သူ့ဆုံးဖြတ်ချက်နှင့် သူရွေးချယ်ခဲ့သောလမ်း
- ၁၉:၃၅ ၁၅။ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ(အပိုင်း–၈)
- ၂၀:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ ၂၀၀၅ခုနှစ် တေရသမအကြိမ် (၁၃ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊ အရေး၊ အတီးပြိုင်ပွဲ(ရုပ်သေး) **“မင်းကုသဇာတ်တော်ကြီး”** (ဒုတိယဆု) [ရန်ကုန်တိုင်း] (အပိုင်း–၂)

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၇–၇၃) မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ မြတ်ဆရာပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်စက်မှုတက္ကသိုလ်(၁၉၆၇–၇၃)ပညာသင်နှစ် မြို့ပြအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ် အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၄ရက် နံနက် ၅နာရီတွင် ပဏ္ဍိတာရာမ ရွှေတောင်ကုန်းသာသနာ့ ရိပ်သာတွင်လည်းကောင်း၊ (၁၇)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ယင်းနေ့ ညနေ၆နာရီတွင် ဗဟန်း မြို့နယ် အာဇာနည်လမ်းရှိ M-3 စားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေနှင့် အလှူပစ္စည်းများကို ဦးကျော်လင်း ဖုန်း ၀၉–၅၀၁–၀၃၈၅၊ ဦးကိုကိုကြီး ဖုန်း ၀၉–၅၀၁ ၀၃၈၆နှင့် ဦးအောင်ခင်မြင့် ဖုန်း ၀၉–၅၁၀–၈၆၆၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

မိုးညိုမြို့နယ် ရေကင်းနှင့်ထိန်တော စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မိုးညိုမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ ၁၃၆၇ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲကို ဇန်နဝါရီ ၁၇ရက် ည၇နာရီတွင် မိုးညိုမြို့နယ် ရေကင်းမြို့၌လည်းကောင်း၊ ဇန်နဝါရီ ၁၈ရက်တွင် ရေကင်းအခြေခံပညာ အထက်တန်းကျောင်းနှင့် ထိန်တောမြို့၌ လည်းကောင်း၊ ဇန်နဝါရီ ၁၉ရက်တွင် ထိန်တော အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌လည်းကောင်း ကျင်းပရာ စာပေဝါသနာရှင်များ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဟောပြောပွဲတွင် ရေကင်းမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးအောင်ကျော်ဦး၊ ကျောင်းအုပ်ဆရာကြီး ဦးသိန်းလှ၊ ထိန်တောမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးသန်းဌေးနှင့် မြို့နယ်ပညာရေးမှူး ဦးတင်လှတို့က ကြိုဆို နှုတ်ခွန်းဆက်စကားနှင့် စာပေဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ပြောကြားကြသည်။

စာပေဟောပြောပွဲတွင် စာရေးဆရာကြီးများဖြစ်ကြသော ချစ်ဦးညို၊ သန်လျင်မောင်မောင်ဦးနှင့် အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)တို့ကစာပေရေးရာများ ဟောပြောကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သဃ်န်းကျွန်းမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၂၃) ၂၀၀၄–၂၀၀၅ ပညာသင်နှစ် ပညာရည်ချွန်ဆု ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ရက်က အဆိုပါကျောင်းခန်းမ၌ ကျင်းပခဲ့ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းမြင့်က သူငယ်တန်းတွင် ဒုတိယဆုရ မောင်ဉာဏ်လင်းထူးအား ပညာရည်ချွန်ဆု ချီးမြှင့် ပေးအပ်စဉ်။ (က–ပ)

တရုတ်၏အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံ ဆော်ဒီအာရေဗျဖြစ်လာ လာမည့်ငါးနှစ်အတွင်း ဒေါ်လာဘီလီယံ ၄၀ အထိ ကုန်သွယ်ရန်မျှော်မှန်း

ပေကျင်း ဇန်နဝါရီ ၃၁

အာဖရိကနှင့် အနောက်အာရှဒေသများတွင် ဆော်ဒီအာရေဗျနိုင်ငံသည် တရုတ်နိုင်ငံ၏ အကြီးမားဆုံး ရေနံထောက်ပံ့ပေးရာနိုင်ငံဖြစ်ပြီး အကြီးမားဆုံး ကုန်သွယ်ဖက်နိုင်ငံလည်းဖြစ်ကာ ဒုတိယမြောက် အကြီးမားဆုံးပို့ကုန်ဈေးကွက်လည်း ဖြစ်လာကြောင်း တရုတ်နိုင်ငံ စီးပွားရေးဝန်ကြီး ဘိုစီလေက ပေကျင်းမြို့၌ မကြာမီက ပြောကြားသည်။

ပြောကြား

တရုတ်နှင့် ဆော်ဒီအာရေဗျ နှစ်နိုင်ငံတို့၏ စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာကော်မတီ၏ တတိယအကြိမ်မြောက်ဆွေးနွေးပွဲ၌ တရုတ်နိုင်ငံ စီးပွားရေး ဝန်ကြီးဘိုစီလေက အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။

ကုန်သွယ်မှုပြုလုပ်ခဲ့

တရုတ်နှင့် ဆော်ဒီအာရေဗျ နှစ်နိုင်ငံတို့သည် လွန်ခဲ့သည့် ၁၉၉၉ ခုနှစ်တွင် ဒုတိယမြောက် စီးပွားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာ ကော်မတီ အစည်းအဝေး ပြုလုပ်ခဲ့ပြီးနောက်ပိုင်း အမေရိကန်ဒေါ်လာ နှစ်ဘီလီယံပမာဏအထိ အပြန်အလှန် ကုန်သွယ်မှုပြုလုပ်ခဲ့သည်။

တိုးတက်မှုအနေအထား

ပြီးခဲ့သည့် ၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် နှစ်နိုင်ငံအပြန်အလှန် ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ၁၅ဘီလီယံအထိ ရောက်ရှိလာခဲ့ရာ တိုးတက်မှုအနေအထားမှာ ၄၁ ရာခိုင်နှုန်းရှိကြောင်း မစ္စတာဘိုက ပြောကြားသည်။

မျှော်မှန်းထား

တရုတ်နှင့် ဆော်ဒီအာရေဗျနှစ်နိုင်ငံတို့သည် လာမည့်လေးနှစ်မှ ငါးနှစ်အတွင်း အပြန်အလှန်ကုန်သွယ်မှုပမာဏကို အမေရိကန်ဒေါ်လာဘီလီယံ ၄၀ အထိ ရောက်ရှိလာရန် မျှော်မှန်းထားသည်ဟု ၎င်းက ထပ်မံ ပြောကြားသည်။

တိုးချဲ့ပူးပေါင်း

တရုတ်နိုင်ငံသည် ဆော်ဒီအာရေဗျနိုင်ငံနှင့်အတူ စွမ်းအင်၊ သတ္တု၊ ရေနံဓာတု၊ ရင်းနှီးမြှုပ်နှံမှု၊ အခြေခံအဆောက်အအုံ၊ သိပ္ပံနှင့် နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ တိုးချဲ့ပူးပေါင်းဆောင်ရွက်သွားရန် ဆန္ဒရှိနေသည်။ **အမ်အင်အေ၊ဆင်ဟွာ**

တရုတ်နိုင်ငံ ဟေဘေးပြည်နယ်ရှိ ငါးပြတိုက်၌ ငါးမန်းတစ်ကောင်အား လေ့ကျင့်သင်ကြားပေးနေသည်ကို ဇန်နဝါရီ ၂၈ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပျောက်ဆုံးရေယာဉ် အင်ဒိုနီးရှား၌တွေ့ရှိ အစာရေစာပြတ်လပ်၍ ၁၂ဦး သေဆုံးနေ

ဂျကာတာ ဇန်နဝါရီ ၃၁

လေးရက်ကြာ ပျောက်ဆုံးလျက်ရှိသည့် ခရီးသည်တင်ရေယာဉ်တစ်စီးကို အင်ဒိုနီးရှား ငါးဖမ်းရေယာဉ်တစ်စင်းက တွေ့ရှိခဲ့သော်လည်း ရေယာဉ်ပေါ်လိုက်ပါသွားသည့် ၁၇ဦးအနက် ၁၂ ဦးမှာ အစာရေစာပြတ်လပ်ခြင်းနှင့် ရာသီဥတုအေးခြင်းတို့ကြောင့် သေဆုံးသွားခဲ့ကြောင်း ဒေသခံမီဒီယာက ဇန်နဝါရီလ ၂၆ ရက်တွင် ဖော်ပြသည်။

ကယ်တင်

လွန်ခဲ့သည့် ဇန်နဝါရီလ ၂၁ရက်က ပျောက်ဆုံးသွားလျက်ရှိသည့် အဆိုပါရေယာဉ်ကိုတွေ့ရှိခဲ့ပြီး ငါးဖမ်းသမားများက အသက်မသေဘဲ ကျန်ရစ်သူငါးဦးနှင့် လမ်းလျှောက်တတ်စကလေးငယ်တစ်ဦးကို ကယ်တင်လိုက်ကြောင်း၊ ယင်းရေယာဉ်ကို စူလာဝီစီကမ်းလွန်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အင်တာရာသတင်းဌာနက ဖော်ပြသည်။

သေဆုံးသူများထဲတွင် နှစ်လအရွယ်မိန်းကလေးတစ်ဦးလည်းပါရှိသည်။

ညွှန်ကြားထား

တန်ချိန်ငါးတန်ရှိသည့် အဆိုပါရေယာဉ်သည် ဇန်နဝါရီလ ၂၁ ရက်က ကာလီမန်တန်ပြည်နယ်အရှေ့ဘက်အနီးတွင် ဒီလှိုင်းများကြောင့် တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ရေယာဉ်မှူးက ခရီးသည်များအား အကူအညီရောက်မလာမချင်း ရေယာဉ်အား တွယ်ကပ်၍စောင့်ဆိုင်းနေရန် ညွှန်ကြားထားခဲ့သည်။

သို့သော် တစ်ရက်ပြီးတစ်ရက်သာ ကုန်ဆုံးသွားခဲ့ပြီး အစားအစာနှင့်သောက်ရေမရှိသဖြင့် အားပြတ်ကုန်ကြရတော့သည်။

လေးရက်မြောက်တွင် အဒီရာမက်ငါးဖမ်းလှေက တွေ့ရှိခဲ့သော်လည်း အသက်မသေ ကျန်ရစ်သူငါးဦးကိုသာ ကယ်တင်နိုင်ခဲ့ကြောင်း သတင်းဌာနက ဖော်ပြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

စပိန်၌ မူးယစ်ဆေးဝါးမှောင်ခိုဂိုဏ်းအားဖြိုခွင်း ဆေးခြောက်သုံးတန်ကျော်နှင့် လူ၃၄ဦးကို ဖမ်းဆီးရမိ

မက်ဒရစ် ဇန်နဝါရီ ၃၁

စပိန်နှင့် ဗြိသိသျှရဲတပ်ဖွဲ့ဝင်များသည် စပိန်နိုင်ငံ ကိုခတာဒီဆောဒ်၌ မူးယစ်ဆေးဝါး မှောင်ခိုဂိုဏ်းတစ်ဂိုဏ်းအား ဝင်ရောက်စီးနင်းတိုက်ခိုက်ရာ လူ ၃၄ဦးနှင့် ဆေးခြောက် ၃ဒသမ ၈တန်ကို ဖမ်းဆီးရမိကြောင်း စပိန်ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၈ရက်၌ ပြောကြားသည်။

ပါဝင်

အဆိုပါ မူးယစ်ဆေးဝါး ဂိုဏ်းခေါင်းဆောင်များတွင် ဗြိတိသျှရဲတပ်ဖွဲ့ဝင်တစ်ဖွဲ့နှင့် ဗြိတိသျှမရိန်းတပ်ဖွဲ့ဝင်တစ်ဦး ပါဝင်သည်။

နေထိုင်

အဆိုပါ မူးယစ်ဆေးဝါးမှောင်ခိုအဖွဲ့ခေါင်းဆောင်များသည် စပိန်တောင်ပိုင်း ကမ်းခြေအပန်းဖြေစခန်းတစ်ခုဖြစ်သော မာဘယ်လာရှိ နေအိမ်များတွင် နေထိုင်လျက်ရှိကြောင်း စပိန်ရဲတပ်ဖွဲ့က ပြောကြားသည်။

ဖော်ပြ

စပိန်နှင့် ဗြိတိန်တို့၌ မြို့ကြီးအချို့တွင် တစ်ပြိုင်တည်း ဖမ်းဆီးခဲ့ရာ ဆေးခြောက် ၃ဒသမ၈တန်နှင့် လူ ၃၄ဦး၊ ဓိမ်ခံကားများ၊ ယူရိုငွေ ၁၀၀၀၀၀ကျော်ကို ဝင်ရောက်စီးနင်းတိုက်ခိုက်၍ ဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါ ရဲတပ်ဖွဲ့၏ အစီရင်ခံစာတွင် ဖော်ပြသည်။

စပိန်၌ ဖမ်းဆီးရမိသည့်လူ ၁၂ဦးတွင် စပိန်နှစ်ဦးနှင့် ဗြိတိသျှ ၁၀ဦး ပါဝင်သည်။ **အမ်အင်အေ၊ရိုက်တာ**

မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည် အိန္ဒိယ စမ်းသပ်ပစ်လွှတ်

နယူးဒေလီ ဇန်နဝါရီ ၃၁

အိန္ဒိယနိုင်ငံသည် မြေပြင်မှ ဝေဟင်ပစ်နည်းပညာတိုးတက်မှု ခြေလှမ်းတစ်ရပ်အဖြစ် မြေပြင်မှဝေဟင်ပစ် အက်ကတ်ဒုံးကျည်ကို အိန္ဒိယအရှေ့ပိုင်း အိုရစ်ဆာဒေသ ဒုံးပျံပစ်လွှတ်စခန်းမှ အောင်မြင်စွာ စမ်းသပ် ပစ်လွှတ်နိုင်ခဲ့ကြောင်း အင်ဒို–အာရှသတင်းဌာနက ဇန်နဝါရီ ၂၈ ရက်၌ သတင်းထုတ်ပြန်သည်။

ပစ်ခတ်နိုင်

အဆိုပါ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်ကို အိန္ဒိယနိုင်ငံက မိမိတို့ တီထွင်ထုတ်လုပ်ခဲ့ခြင်းဖြစ်ပြီး အိန္ဒိယနိုင်ငံအရှေ့ပိုင်း အိုရစ်ဆာဒေသချန်ဒီပူရာ ဒုံးပျံပစ်လွှတ်ရေးစခန်းမှ ပစ်လွှတ်ခဲ့ခြင်းဖြစ်သည်။ ၎င်းဒုံးပျံသည်ပစ်မှတ်ပေါင်းစုံကို ပစ်ခတ်နိုင်စွမ်းရှိကြောင်း သိရသည်။

စမ်းသပ်ပစ်ခတ်

ထို့အပြင် အက်ကတ်ဒုံးကျည်သည် မောင်းသူမဲ့လေယာဉ်လက်ရှိယာနှင့် ဆန့်ကျင်စွာ ပြုလုပ်ထားပြီးပစ်မှတ်များကို တိတိကျကျ ထိမှန်နိုင်အောင် အထူးပြုလုပ်ထားကာ စမ်းသပ်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အက်ကတ်ဒုံးပျံသည် တွန်းကန်အားသုံးစနစ်ကို အသုံးပြုထားပြီး အရှိန်အဟုန်မြင့် အင်ဂျင်စက်တစ်ခု အသုံးပြုထားကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖလူးဂျာမြို့အနီး၌ တိုက်ခိုက်မှုများဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံး

ဖလူးဂျာ ဇန်နဝါရီ ၃၁

အီရတ်နိုင်ငံ ဖလူးဂျာမြို့အနီးတွင် ဇန်နဝါရီ ၂၈ရက် စနေနေ့က အီရတ် လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးပြီး ဒဏ်ရာရရှိသူများလည်း ရှိခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

တိုက်ခိုက်မှုဖြစ်ပွား

ဖြစ်ပွားမှုမှာ ဖလူးဂျာမြို့၏တောင်ပိုင်း၌ ဇန်နဝါရီ၂၈ရက် နံနက် ၁၀နာရီခန့်က အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အီရတ်လက်နက်ကိုင်များအကြား တိုက်ခိုက်မှုများ ဖြစ်ပွားသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးခဲ့ရခြင်း ဖြစ်ကြောင်း သိရသည်။

တိုက်ခိုက်မှု ဖြစ်ပွားရာနေရာသို့ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် စစ်ယာဉ်များ ဒါဇင်များစွာ ရောက်ရှိလာသည့်အပြင် အမေရိကန်စစ်ရဟတ်ယာဉ်များလည်း ရောက်ရှိလာကြောင်း အဆိုပါမျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယခုကဲ့သို့ အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုတွင် အီရတ်လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ ထိခိုက်ဒဏ်ရာရရှိမှုအနေအထားကို သတင်းမရသေးကြောင်း သိရသည်။ ဘဂ္ဂဒက်အနောက်ဘက် ကီလိုမီတာ ၅၀ခန့်ဝေးကွာသော ဖလူးဂျာမြို့အနီး ဝန်းကျင်ဒေသသည် ဆွန်နီတို့ အများအပြားနေထိုင်ရာဖြစ်ပြီး အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များကို ခုခံတိုက်ခိုက်မှု များပြားရာဒေသတစ်ခုလည်း ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့၌ ကားဗုံးဖောက်ခွဲတိုက်ခိုက်ခံရမှုကြောင့် ပျက်စီးနေသော မော်တော်ယာဉ်များကို ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပေကျင်းမြို့တော်စီးပွားရေးဖွံ့ဖြိုးတိုးတက် လူ ၁၀ဦးလျှင်တစ်ဦးကားတစ်စီးပိုင်ဆိုင်

ပေကျင်း ဇန်နဝါရီ ၃၁

ပေကျင်းမြို့တော်တွင် ၂၀၀၅ ခုနှစ်ကုန်ဆုံးချိန်တွင် ပုဂ္ဂလိက မော်တော်ယာဉ် စီးရေ ၁၃သမ၅၄ သိန်းရှိကြောင်း၊ အဓိပ္ပာယ်မှာ ပေကျင်းမြို့သူမြို့သား ၁၀ဦးလျှင်တစ်ဦး မော်တော်ယာဉ်တစ်စီးပိုင်ဆိုင်ခြင်းဖြစ်ကြောင်း မြို့တော် စာရင်းအင်းဗျူရိုက ထုတ်ပြန်ကြေညာသည်။

၂၀၀၅ခုနှစ်ကုန်တွင် ပေကျင်းမြို့၌အမြဲတမ်း အခြေချနေထိုင်သူ ၁၅ ၁၃သမ ၃၈သန်းရှိသည်။ ပုဂ္ဂလိကပိုင် မော်တော်ယာဉ်စီးရေမှာ ၂၀၀၄ ခုနှစ်က ထက် ၂၀၀၅ ခုနှစ်တွင် ၁၈၁၃သမ၇ရာခိုင်နှုန်းပိုမိုပိုင်ဆိုင်လာကြခြင်း ဖြစ်သည်ဟု ပေကျင်းမြို့တော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စာရင်းအင်း ဗျူရို၏ နောက်ဆုံးထုတ်အစီရင်ခံစာ၌ ဖော်ပြထားသည်။

အမ်အင်အေ၊ ဆင်ဟွာ

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိရစ္ဆာန်ဥယျာဉ်တွင် ပန်းချီဆွဲပြနေသော အသက်၅၀ရှိ လူဝံကြီးတစ်ကောင်ကို ဇန်နဝါရီ ၂၉ရက်က တွေ့ရစဉ်။ (၎င်းလူဝံကြီးသည် ယခုအချိန်အထိ ရောင်စုံခဲတံများအသုံးပြု၍ ပန်းချီကား ၁၅ကားရေးဆွဲခဲ့ပြီး ဖြစ်ကြောင်း သိရသည်။) **(ဓာတ်ပုံ-အင်တာနက်)**

ဈေးဆိုင်အနီး ဗုံးပေါက်ကွဲ ၁၁ဦးသေဆုံး၊ငါးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇန်နဝါရီ ၃၁

ဘဂ္ဂဒက်မြို့တောင်ဘက်အစွန်ကင် ဒီရာမာမြို့ ဈေးဆိုင်တစ်ဆိုင်အနီး ဗုံးပေါက်ကွဲသဖြင့် လူ ၁၁ ဦးသေဆုံး ကြောင်း အီရတ်ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၉ရက်က ပြောကြားသည်။

ဈေးဆိုင်အပြင်ဘက်တွင် ထောင်ထားသည့်ဗုံးပေါက်ကွဲသဖြင့် လူငါးဦးလည်း ဒဏ်ရာရသွားသည်။ဗုံးကွဲသည့်နေရာမှာ ထိုမြို့အတွင်းရှီးယိုက်များ အများစုရှိရာ ဒေသဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

ရှေးနှစ်ပေါင်း ခုနစ်ထောင်ခန့်က ယဇ်ပလ္လင်တစ်ခု တရုတ်နိုင်ငံ၌ရှေးဟောင်းသုတေသနပညာရှင်များရှာဖွေတွေ့ရှိ

ပေကျင်း ဇန်နဝါရီ ၃၁

တရုတ်နိုင်ငံ အလယ်ပိုင်း ဟူနန်ပြည်နယ်တွင် လွန်ခဲ့သော နှစ်ပေါင်းခုနစ်ထောင်ခန့်က အသုံးပြုခဲ့သည့် ရှေးခေတ်လူသားတို့၏ ယဇ်ပူဇော်ရာ၌သုံးသော ယဇ်ပလ္လင်တစ်ခုကို ရှာဖွေတွေ့ရှိခဲ့ကြသည်ဟု တရုတ်ရှေးဟောင်း သုတေသနပညာရှင်များက ဇန်နဝါရီ ၃၀ရက်၌ ပြောကြားသည်။

ယခုတွေ့ရှိသော ယဇ်ပလ္လင်သည် တရုတ်နိုင်ငံတွင် တွေ့ရှိခဲ့ရသမျှ ယဇ်ပူဇော်ရာတွင် အသုံးပြုသည့်ပစ္စည်းများအနက် ရှေးအကျဆုံးဖြစ်ကြောင်း ဟူနန် ရှေးဟောင်းသုတေသန သိပ္ပံဌာနမှ သုတေသနပညာရှင်တစ်ဦးဖြစ်သူ ယူဂန်က ပြောကြားသည်။

ပြောကြား

ရှေးခေတ်လူသားတို့ ကိုးကွယ်ခဲ့သည့် မြေကြီး၊ မြစ်၊ ကောင်းကင်ဘုံ နတ်ဘုရားများအား ပူဇော်ပသရာတွင် အသုံးပြုခဲ့သော ပစ္စည်းဖြစ်ကြောင်း ပေကျင်းမြို့တွင်ကျင်းပသည့် တရုတ်လူမှုရေးသိပ္ပံ အကယ်ဒမီ ဖိုရမ်၌ ၎င်းက ပြောကြားခြင်းဖြစ်သည်။

တွေ့ရှိ

ထို့အတူ ရှေးဟောင်းသုတေသနပညာရှင်များသည် အဖြူရောင် ရှေးခေတ် မြေအိုး၊ မြေခွက်အပိုင်းအစများကိုလည်း ရှာဖွေတွေ့ရှိခဲ့ကြသည်။ ထိုရှေးဟောင်း မြေအိုးမြေခွက်များ၌ ရှေးဟောင်း ဒဏ္ဍာရီဆန်ဆန် ငှက်ရုပ်များနှင့် လှပသော အစက်အပြောက်များဖြင့် မွမ်းမံခြယ်သထားသည်ကိုလည်း တွေ့ရှိရသည်။

အရေးပါ

ယခုကဲ့သို့ ရှေးဟောင်း ယဇ်ပလ္လင်နှင့် မြေအိုးမြေခွက်များကို တွေ့ရှိရခြင်းသည် ရှေးခေတ်လူသားတို့၏ နေထိုင်မှုဘဝနှင့် ဖြစ်စဉ်များကို လေ့လာ သုတေသနပြုရာတွင် အရေးပါသည့် တွေ့ရှိချက်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပေါ်တူဂီ၌ နှစ်ပေါင်း ၂၀ကျော်အတွင်း ဆီးနှင်းများ ထူထပ်စွာကျဆင်း

လစ္စဘွန်း ဇန်နဝါရီ ၃၁

ပေါ်တူဂီနိုင်ငံတွင် ၁၉၈၃ခုနှစ်မှ စ၍ နှစ်ပေါင်း ၂၃နှစ်အတွင်း ပထမဆုံးအကြိမ် ဆီးနှင်းများထူထပ်စွာ ကျဆင်းမှုဖြစ်ပေါ်ခဲ့ရာ ပေါ်တူဂီနိုင်ငံ အလယ်ပိုင်းရှိ အဝေးပြေးလမ်းမကြီးများ ပိတ်ထားခဲ့ရကြောင်း ဇန်နဝါရီ ၂၉ရက်၌ ပြည်တွင်း မီဒီယာများက ဖော်ပြသည်။

ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့တွင် အပူချိန် ရေခဲမှတ်ရောက်လျက်ရှိရာ မြို့တော်အနှံ့ ဆီးနှင်းခဲများဖုံးလွှမ်းလျက်ရှိသည်။ ထိုသို့ ဆီးနှင်းခဲများ ဖုံးလွှမ်းနေမှုကြောင့် လစ္စဘွန်းမြို့နှင့် ပေါ်တူဂီမြို့များကို ဆက်သွယ်ထားသော အဝေးပြေးလမ်းမကြီးများလည်း ပိတ်ထားခဲ့ရသည်။

ထို့အတူ လစ္စဘွန်းမှ ပြည်တွင်း မော်တော်ကားလမ်းများမှာလည်း ပိတ်ထားရကြောင်း နိုင်ငံပိုင်သတင်းဌာန လူဆာက သတင်းထုတ်ပြန်သည်။ ထို့အပြင် ခရီးသွားဧည့်သည်များ လာရောက်ရာ တောင်ပိုင်းအယ်ဂါဗီ ဒေသရှိ တောင်တန်းများပေါ်၌လည်း ဆီးနှင်းခဲများ ဖုံးလွှမ်းလျက်ရှိသည်။

အမ်အင်အေ၊ရိုက်တာ

ဖိလစ်ပိုင်တောင်ပိုင်း၌ ပစ်ခတ်မှုဖြစ်ပွား ၁၀ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

မနီလာ ဇန်နဝါရီ ၃၁

ဖိလစ်ပိုင်နိုင်ငံတောင်ပိုင်းတွင် သေနတ်နှင့်ပစ်သတ်ခံရသဖြင့် ဆယ်ကျော်သက်အများစု ပါဝင်သော လူ၁၀ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသခံသတင်းစာတစ်စောင်က ဇန်နဝါရီ ၃၀ရက်၌ ဖော်ပြသည်။

ဖော်ပြ

ဇန်နဝါရီ ၂၉ရက်က ဘာလာဘာဂင်ရှိ ဘီလိယက်ခန်းမ၌ ပစ်ခတ်မှုမှာ မိသားစုချင်းအဆင်မပြေရာမှ ဖြစ်ပွားသည်ဟုထင်ရကြောင်း ဖိလစ်ပိုင် ဒေးလီး သတင်း စာက ဖော်ပြသည်။

သေဆုံးသူများမှာ ဘီလိယက်ထိုးသည်ကို ကြည့်နေကြသည့်ပွဲကြည့်ပရိသတ်များသာဖြစ်ကြောင်း မင်ဒါနာအိုရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ ရဲတပ်ဖွဲ့အကြီးအကဲ အာမက်မာမာလင်တာ၏ ပြောကြားချက်ကို ကိုးကား၍ သတင်းစာက ဖော်ပြသည်။

သေဆုံး

ဒီဇင်ဘာလက အဆိုပါမြို့၌ ၎င်း၏ ရိုင်ဖယ်သေနတ်ဖြင့် သားဖြစ်သူအား ပစ်သတ်ခဲ့သည့် သေနတ်သမား၏ ပစ်ခတ်မှုကြောင့် လူရှစ်ဦးမှာ ပွဲချင်းပြီးသေဆုံးခဲ့ပြီး အခြားနှစ်ဦးမှာ ဆေးရုံ၌ သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

လုံခြုံရေးဆောင်ရွက်

ဘဂ္ဂဒက် မြောက်ပိုင်း တယ်လ်အာဖာ ဒေသတွင် လုံခြုံရေး ဆောင်ရွက်နေသော အမေရိ ကန်တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၂၈ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စစ်သား၏ ရာဇဝတ်မှု ဂျပန်ပြည်သူများ ကန့်ကွက်ဆန္ဒပြ

တိုကျို ဇန်နဝါရီ ၃၁

ဂျပန်နိုင်ငံ ယိုကိုဆူကာမြို့၌ ဇန်နဝါရီ ၂၈ရက်က ဂျပန်လူမျိုး ၈၀၀ခန့် စုရုံးကြပြီး အမေရိကန်ဆန့်ကျင်ရေး ကန့်ကွက်ဆန္ဒပြကြကြောင်း ရိုက်တာက ဖော်ပြသည်။

အသက် (၅၆) နှစ်ရှိ ဂျပန်အမျိုးသမီးတစ်ဦးကို အမေရိကန်ရေတပ်သား တစ်ဦးက သတ်ဖြတ် ဓားပြတိုက်မှုဖြင့် အစိုးရရှေ့နေများက စွဲချက်တင်ပြီး နောက်တစ်ရက်တွင် ထိုသို့ ကန့်ကွက် ဆန္ဒပြခြင်းဖြစ်သည်။

ဆန္ဒပြ

တိုကျိုမြို့တော် တောင်ဘက် ယိုကိုဆူကာမြို့ရှိ အမေရိကန်ရေတပ်ဌာနချုပ်အနီး ပန်းခြံတွင်းတွင်ဆန္ဒပြသူများ စုရုံးရောက်ရှိလာပြီးနောက် ဌာနချုပ် အနီးအနားသို့ ချီတက်ဆန္ဒပြခြင်း ဖြစ်သည်။

ပြောကြား

ယိုကိုဆူကာမြို့၌ သာမက အိုကီနာဝါကဲ့သို့သော အမေရိကန်တပ်ဖွဲ့ဝင်များရှိသည့် မြို့များ၌လည်း ထိုသို့သော အမှုကိစ္စများ အများအပြားရှိကြောင်း ဆန္ဒပြရာတွင် လိုက်ပါသူ ရှေ့နေတစ်ဦးက ပြောကြားသည်။

ယိုကိုဆူကာမြို့၌ ဇန်နဝါရီ ၃ရက်က ဂျပန်အမျိုးသမီးအား သတ်ဖြတ် ဓားပြတိုက်မှုဖြင့် မသင်္ကာသဖြင့် အမေရိကန်ရေတပ်သားဝီလျံရီး (၂၁) နှစ်ကို လွန်ခဲ့သည့်လက ဖမ်းဆီးလိုက်ပြီး အစိုးရရှေ့နေများက သောကြာနေ့တွင် စွဲချက်တင်လိုက်သည်။

အမ်အင်အေ၊ ရိုက်တာ

ဂျိုဟန်နစ္စဘတ်၌ ယာဉ်တိုက်မှုဖြစ်ပွား

ဂျိုဟန်နစ္စဘတ် ဇန်နဝါရီ ၃၁

တောင်အာဖရိကနိုင်ငံ ဂျိုဟန်နစ္စဘတ်မြို့၏ အနောက်တောင်ဘက် ကီလိုမီတာ၂၀၀ခန့်အကွာတွင် တိုယိုတာ မော်တော်ယာဉ်တစ်စီးနှင့် ဗီဒဗလျူ ဂျက်တာ မော်တော်ယာဉ်တစ်စီးတို့ ခေါင်းချင်းဆိုင် တိုက်မိခဲ့ကြသဖြင့် လူ ၁၀ဦးသေဆုံးသွားခဲ့ကြောင်း ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂၈ ရက်၌ ပြောကြားသည်။

ယာဉ်တိုက်မှုဖြစ်သော မော်တော်ယာဉ်များပေါ်၌ ခြောက်နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး အပါအဝင် တိုယိုတာ မော်တော်ယာဉ်မှ ခုနစ်ဦးနှင့် ဂျက်တာ ကားတွင် လူခြောက်ဦးလိုက်ပါလာခဲ့ကြခြင်းဖြစ်သည်။ ယင်းတို့အတွင်း တိုယိုတာကားမှ ငါးဦး ဂျက်တာကားမှ ငါးဦးသေဆုံးခဲ့ရခြင်းဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်၌ လမ်းဘေးဗုံးပေါက်ကွဲ အမေရိကန် သတင်းစာဆရာနှစ်ဦးဒဏ်ရာရ

ဝါရှင်တန် ဇန်နဝါရီ ၃၁

အီရတ်နိုင်ငံတွင် တနင်္ဂနွေနေ့က လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ အေဘီစီ သတင်းဌာနမှ သတင်းထောက် ဘော့ဝူးဒရပ်နှင့်ဓာတ်ပုံသတင်းထောက် ဒုဗို့တို့ ပြင်းထန်စွာ ဒဏ်ရာရရှိသွားကြောင်း အမေရိကန်ရုပ်မြင်သံကြားက ကြေညာသည်။

ဗုံးပေါက်ကွဲချိန်က ၎င်းတို့နှစ်ဦးသည် ဘဂ္ဂဒက်မြို့အနီး တာချီ တစ်ဝိုက်အရောက် အီရတ်တပ်ဖွဲ့ဝင်များနှင့်အတူ အီရတ်တပ်ဖွဲ့ယာဉ်ကို စီးနင်းလိုက်ပါသွားကြခြင်း ဖြစ်သည်။

လမ်းဘေးဗုံးပေါက်ကွဲပြီးနောက် အီရတ်တပ်ဖွဲ့ပိုင် မော်တော်ယာဉ်ကို ဘေးမှနေ၍ လက်နက်ငယ်များဖြင့် ဝိုင်းပစ်ခတ်ကြသေးသည်ဟု ဆို၏။

သတင်းထောက်နှစ်ဦးစလုံး ဒဏ်ရာပြင်းထန်ပြီး ယခုအခါ အီရတ်ရှိ အမေရိကန် စစ်ဆေးရုံတစ်ရုံတွင် တင်ပို့ကုသမှုခံယူနေရသည်။

အမ်အင်အေ၊ရိုက်တာ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့

✡ *ကျောဖုံးမှ*

စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာန အသီးသီးမှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်

ရှင်းလင်းပြောကြား

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ရှင်းလင်း ပြောကြားစဉ်။
(သတင်းစဉ်)

ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်၍ အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆောင်ရွက်သည်။

အစည်းအဝေးအထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၉ ဦးရှိပြီး ၁၀၆၉ ဦးတို့ တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသား ညီလာခံ အစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသား ညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် စုံညီအစည်းအဝေးအစီအစဉ်အရ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးက အမျိုးသားညီလာခံနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားရာတွင် ပြည်ထောင်စုမြန်မာနိုင်ငံအတွက် ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အသေးစိတ်အခြေခံရမည့်မူများကို ဆက်လက် ချမှတ်နိုင်ရန်အတွက် အမျိုးသားညီလာခံကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် စတင်ပြီး ပြန်လည်ကျင်းပခဲ့ပါကြောင်း။

ဂုဏ်ယူမှတ်တမ်းတင်

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ နိုင်ငံတော်ကချမှတ်ထားသည့် မူဝါဒလမ်းစဉ်ခုနစ်ရပ်အနက် အမျိုးသားညီလာခံနှင့် သက်ဆိုင်သည့် လုပ်ငန်းများကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် အမျိုးသားညီလာခံသို့ အင်တိုက်အားတိုက် တက်ရောက်လာခဲ့ကြခြင်းဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံတွင်လည်း တစ်ဦးနှင့်တစ်ဦး ညီရင်းအစ်ကိုပမာဆက်ဆံကြကာ နိုင်ငံတော်နှင့်နိုင်ငံသားများ၏အကျိုးကို ရှေးရှုပြီး ကောင်းမွန်သည့် အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြခဲ့ကြသည့်အတွက် ဂုဏ်ယူမှတ်တမ်းတင်ပါကြောင်း ပဏာမပြောကြားလိုပါကြောင်း။

၂၀၀၅ ခုနှစ် မတ်လ ၂၁ ရက်မှ ၃၀ ရက်အထိ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးများမှာ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းများအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ ဖတ်ကြားတင်ပြခဲ့ကြသည့် အကြံပြုချက်များအပေါ် အလှည့်ကျ သဘာပတိအဖွဲ့က လေ့လာစုစည်းပြီး ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၆ ရက်၊ ၇ ရက်များတွင် အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်များကို တင်ပြခဲ့ပါကြောင်း။

အလှည့်ကျသဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းတင်ပြချက်များအရ ညီလာခံကိုယ်စားလှယ်အများအပြား၏ အကြံပြုချက်များနှင့်အညီ ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်း

အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦး အောင် တိုး အမျိုးသားညီလာခံနှင့် ပတ်သက်၍ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားစဉ်။
(သတင်းစဉ်)

အဝေးတွင် အုပ်ချုပ်ရေးနှင့်တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှု အပိုင်းများအတွက် အသေးစိတ်အခြေခံရမည့်မူများကို ချမှတ်နိုင်ခဲ့ပြီး ဖြစ်ပါကြောင်း၊ ယင်းသို့ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ခဲ့ခြင်းသည် သက်ဆိုင်ရာ သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များက အပြည့်အဝပူးပေါင်းဆောင်ရွက်ခဲ့ကြ၍ပင် ဖြစ်ပါကြောင်း။

အကြံပြုချက်စာတမ်းများ

၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၁၃ရက်၊ ၁၄ ရက်နှင့် ၁၅ ရက်များတွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ဥပဒေပြုရေးအခန်းတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များကို ဖတ်ကြားတင်ပြခဲ့ပါကြောင်း။

လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့အလိုက် ဆွေးနွေးညှိနှိုင်းကာ အကြံပြုချက်စာတမ်းများကို ပြုစုပြီး ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးများတွင် ဖတ်ကြားတင်ပြခဲ့ကြပါကြောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် လည်းကောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသောကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃ ရက်နှင့် ၅ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့နှင့် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၅ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင်လည်းကောင်း၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက် စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၆ ရက်တွင်ကျင်းပခဲ့သည့် အမျိုးသား ညီလာခံစုံညီအစည်းအဝေးတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၉ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်းဖတ်ကြားတင်သွင်းခဲ့ကြပြီး ဖြစ်ကြောင်း။

၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် "နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များအခန်း" နှင့် "တပ်မတော်အခန်း" တို့အတွက်ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်းပြီး အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်ကိုဖတ်ကြားတင်ပြခဲ့ပါကြောင်း။

လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်းပြီး အစုအဖွဲ့များမှ ညီလာခံကိုယ်စားလှယ်များက မိမိတို့အစုအဖွဲ့အလိုက် ကျေကျေလည်လည် ဆွေးနွေးညှိနှိုင်းကြပြီးနောက် အကြံပြုချက်စာတမ်းများကိုပြုစုပြီး ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်မှ ၃၀ ရက်အထိကျင်းပခဲ့သည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးများတွင် ဖတ်ကြားတင်ပြခဲ့ကြကြောင်း၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၅ ရက်နှင့် ၂၆ ရက်တို့တွင်ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၆ ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင်လည်းကောင်း၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့၊ အလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့နှင့် အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များအစုအဖွဲ့တို့၏ အကြံပြုချက် စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့တို့၏ အကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင်လည်းကောင်း ဖတ်ကြားတင်သွင်းခဲ့ကြပြီး ဖြစ်ပါကြောင်း။

ကောက်နုတ်စုစည်း

ကိုယ်စားလှယ်များအစုအဖွဲ့အလိုက် ဆွေးနွေးတင်ပြကြသည့် အကြံပြုချက်များတွင် လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များကို အကျေအလည် ဆွေးနွေးပြီး ကျိုးကြောင်းဖော်ပြထောက်ခံကြသကဲ့သို့ ဒို့တာဝန်အရေးသုံးပါး ပါဝင်သည့် အမျိုးသားညီလာခံ၏ ဦးတည်ချက် ခြောက်ရပ်၏ မူဘောင်အတွင်းနှင့် အမျိုးသားညီလာခံကချမှတ်ထားသည့် အခြေခံမူ (၁၀၄) ချက်၏ မူဘောင်အတွင်းက မိမိတို့၏ အတွေ့အကြုံများအပေါ်တွင်မူတည်၍ သီးခြားအကြံပြုချက်များကိုလည်း အကျိုးအကြောင်းဖော်ပြလျက် တင်ပြထားကြကြောင်း လေ့လာတွေ့ရှိရပါကြောင်းနှင့် ယင်းအကြံပြုချက်များကို အလှည့်ကျသဘာပတိအဖွဲ့ဝင်များက လေ့လာပြီး ကဏ္ဍအလိုက် ကောက်နုတ်စုစည်းကာ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြရန်ရှိပါကြောင်း။

ယင်းသို့ အလှည့်ကျသဘာပတိအဖွဲ့ဝင်များက လုပ်ငန်းများဆောင်ရွက်နေချိန်တွင် ညီလာခံကိုယ်စားလှယ်များလည်း အားလပ်နေမည်ဖြစ်သည့်အတွက်ကြောင့် အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများသည် မိမိတို့ရပ်ဆိုင်းထားခဲ့ရသည့် စီးပွားရေးနှင့် လူမှုရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်စေရန် အလို့ငှာလည်းကောင်း၊ အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျသဘာပတိ အဖွဲ့ဝင်များကလည်း မိမိတို့၏လေ့လာတွေ့ရှိချက်များကို စုစည်းပြုစုနိုင်ရေးအတွက်ကြောင့်လည်းကောင်း အမျိုးသားညီလာခံကို ယနေ့မှစတင်၍ ခေတ္တရပ်နားထားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါကြောင်း။

ကြိုတင်လေ့လာ

အမျိုးသားညီလာခံကိုပြန်လည်ကျင်းပသည့်အခါ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းအပိုင်း၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်းနှင့် တပ်မတော်အခန်းတို့အတွက် ချမှတ်သင့်သည့်အသေးစိတ်အခြေခံရမည့်မူများကို ညီလာခံ ကိုယ်စားလှယ်အများစု၏ဆန္ဒနှင့်အညီ ချမှတ်သွားမည်ဖြစ်ပါကြောင်း၊ ညီလာခံ ကိုယ်စားလှယ်များအဆင်ပြေချောမွေ့စွာအကြံပြုနိုင်ရေးအတွက် လုပ်ငန်း ပမာဏကို ချင့်ချိန်ပြီး ကျန်အခန်းခေါင်းစဉ်များ၏အစီအစဉ်အတိုင်း ခေါင်းစဉ်အချို့ကို လိုအပ်သလိုတင်ပြသွားရန် ရည်ရွယ်ထားပါကြောင်း၊ ထို့ကြောင့် ညီလာခံ ကိုယ်စားလှယ်များအနေဖြင့် မိမိတို့၏အကြံဉာဏ်ကောင်းများပေးနိုင်ရေးအတွက် ကြိုတင်လေ့လာသင့်သည့်အကြောင်းအရာများကို ကြိုတင်လေ့လာထားကြပါရန် တိုက်တွန်းရင်း မိမိ၏တင်ပြချက်ကို နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် ၂၀၀၅ခုနှစ် ဒီဇင်ဘာ၅ရက်တွင် ပြန်လည်စတင်ကျင်းပခဲ့သည့် အခုအမျိုးသားညီလာခံသည် မကြာခင်အချိန်အတွင်း၌ပင် အောင်မြင်စွာပြီးစီးတော့မည်ဖြစ်ပါကြောင်း၊ ညီလာခံ အောင်မြင်စွာပြီးစီး၍ ခေတ္တရပ်နားချိန်တွင် ကိုယ်စားလှယ်ကြီးများအနေဖြင့်လည်း မိမိတို့နေရပ်ဒေသများကို ပြန်ကြတော့မည်ဖြစ်ပါကြောင်း၊ ဤသို့ ပြန်ကြရာတွင် ပို့ဆောင်ရေး၊ သွားလာရေးစသည့်အုပ်ချုပ်မှုဆိုင်ရာကိစ္စများ အစစအရာရာအဆင်ပြေအောင် ကော်မရှင်အနေနှင့် အဘက်ဘက်ကညှိနှိုင်း စီစဉ်ဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း၊ ဤသို့စီစဉ်ဆောင်ရွက်ထားရှိမှုများကို ကိုယ်စားလှယ်ကြီးများသိရှိအောင် ရှင်းလင်းပြောကြားရမည်ဆိုလျှင် ကိုယ်စားလှယ်ကြီးများအနေဖြင့် ခရီးအနီးအဝေး၊ ပို့ဆောင်မှုနည်းလမ်းနှင့် ခရီးလမ်းကြောင်း စသည့်အခြေအနေများအပေါ်မူတည်ပြီး ညီလာခံပြီးဆုံးသည့် ယနေ့ညနေတွင်လည်းကောင်း၊ ဖေဖော်ဝါရီ၁ ရက်တွင်လည်းကောင်း၊ ဖေဖော်ဝါရီ ၂ရက်တွင်လည်းကောင်း ပြန်လည်ထွက်ခွာနိုင်ကြရန် စီစဉ်ထားရှိပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

ကိုယ်စားလှယ်ကြီးများ မိမိတို့နေရပ်ဌာနေကို ပြန်ကြရာတွင်လည်း အဆင်အပြေဆုံးဖြစ်အောင် လေယာဉ်နှင့် သွားရမည့်နေရာကို လေယာဉ်ဖြင့်လည်းကောင်း၊ ရထားနှင့်သွားရမည့်နေရာကို ရထားဖြင့်လည်းကောင်း၊ ကားနှင့်သွားမှ အဆင်ပြေမည့်နေရာကို ကားဖြင့်လည်းကောင်း သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါကြောင်း။

လေယာဉ်နှင့် ရထားလက်မှတ်များကိုလည်း ဇန်နဝါရီ ၂၉ ရက် ညနေကတည်းက စတင်စီစဉ်ထုတ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ ကားနှင့်ပြန်ကြရမည့် ကိုယ်စားလှယ်ကြီးများအတွက်လည်း ကားများညှိနှိုင်းစီစဉ်ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ သွားရောက်မည့်ခရီးစဉ်အသေးစိတ်ကိုလည်း သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီက ကိုယ်စားလှယ်ကြီးများကို အသိပေးထားပြီးဖြစ်၍ ယင်းအစီအစဉ်များအတိုင်း ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ယင်းအစီအစဉ်များအတိုင်း သွားကြရာတွင် မလိုလားအပ်သည့် ချို့ယွင်းအားနည်းချက်များ မဖြစ်စေရေးအတွက်လည်း သက်ဆိုင်ရာပြည်နယ်၊ တိုင်းများမှ တာဝန်ခံကိုယ်စားလှယ်များက လာရောက်ကြပ်မတ်ခေါ်ဆောင်ရန် စီစဉ်ထားပြီးဖြစ်ပါကြောင်း။

ကိုယ်စားလှယ်ကြီးများအားလုံးကလည်း လမ်းခရီးအန္တရာယ်ကင်းစေရေး ပူးပေါင်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။

ခွင့်ပြုချက်ရယူ

ထို့ပြင် မိမိတို့ကိုယ်ပိုင်ယာဉ်များနှင့်ပြန်ကြမည်ဆိုလျှင်လည်း ပြန်ခွင့်ပြုမည်ဖြစ်ပါကြောင်း၊ မိမိတို့၏ဝန်စည်စလည်စသည့်ပစ္စည်းများသယ်ယူရာတွင်လည်း လွယ်ကူအဆင်ပြေစေရန် မိမိတို့၏ ကိုယ်ပိုင်ယာဉ်များ၊ ပြည်နယ်၊တိုင်းအလိုက်ယာဉ်များကို အိပ်ဆောင်အထိခေါ်ယူခွင့်ပြုမည်ဖြစ်ပါကြောင်း၊ သို့သော်လည်း စနစ်တကျရှိစေရေးနှင့် လုံခြုံရေးတို့အတွက် အိပ်ဆောင်အထိဝင်မည့် ကိုယ်ပိုင်ယာဉ်များ၊ ပြည်နယ်၊တိုင်းအလိုက်ယာဉ်များသည် ယာဉ်အမှတ်၊အမျိုးအစားတို့ကို စီမံခန့်ခွဲမှုကော်မတီထံ တင်ပြခွင့်ပြုချက်ရယူပြီး စစ်ဆေးရေးဂိတ်များတွင် လုံခြုံရေးအတွက် စစ်ဆေးခံပြီးမှ ဝင်ရောက်ကြရမည် ဖြစ်ပါကြောင်း၊ ကျန်လေဆိပ်၊ ဘူတာများကိုပို့ပေးရမည့် ကိုယ်စားလှယ်များအတွက်လည်း ညီလာခံက ယာဉ်များနှင့် စီစဉ်ပို့ဆောင်ပေးမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ရန်ကုန်မြို့နှင့် ရန်ကုန်မြို့ဝန်းကျင်တွင် နေထိုင်ကြသည့် ကိုယ်စားလှယ်များအနေဖြင့်လည်း ညီလာခံက စီစဉ်ပေးသည့် ယာဉ်များနှင့် စီးနင်းလိုက်ပါမည်ဆိုလျှင်လည်း စီးနင်းလိုက်ပါနိုင်အောင် စီစဉ်ထားရှိပါကြောင်း။

ကိုယ်စားလှယ်ကြီးများ သက်ဆိုင်ရာ ပြည်နယ်၊ တိုင်းများရှိ လေယာဉ်၊ ရထားနှင့် ကားလမ်းဆုံးများသို့ ရောက်ရှိပြီးသည့်အခါတွင်လည်း မိမိတို့နေရပ်ကို အဆင်ပြေချောမွေ့စွာ ခရီးဆက်နိုင်ရန် သက်ဆိုင်ရာ ပြည်နယ်၊တိုင်း အသီးသီးကကူညီပံ့ပိုး ဆောင်ရွက်ပေးရေးအတွက် ၂၀၀၆ခုနှစ် ဇန်နဝါရီ ၂၄ရက်စွဲပါ စာအမှတ် ၃/ညီလာခံ/ ၃-စမနှင့် ကော်မရှင်က မေတ္တာရပ်ခံပေးထားပြီးဖြစ်ပါကြောင်း။

ပြန်လည်ထုတ်ပေးမည်

ညီလာခံကိုယ်စားလှယ်ကြီးများ၏ လုံခြုံရေးနှင့် ညီလာခံကြီးတစ်ခုလုံး လုံခြုံရေးတို့အတွက် ကိုယ်စားလှယ်ကြီးများ ညောင်နှစ်ပင်စခန်းကို စရောက်သည့် အချိန်ကစပြီး ညီလာခံကိုယ်စားလှယ်စိစစ်ရေးကတ်နှင့် ညီလာခံရင်ထိုးတံဆိပ်တို့ကို ထုတ်ပေးထားခဲ့ပါကြောင်း၊ ယခုညီလာခံခေတ္တရပ်နားပြီး နေရပ်ပြန်ကြမည်ဖြစ်သည့်အတွက် ညီလာခံကိုယ်စားလှယ် စိစစ်ရေးကတ်ပြားများကို လုံခြုံရေးဆပ်ကော်မတီက အဆောင်များ၌ လိုက်လံသိမ်းဆည်းမည်ဖြစ်ပါကြောင်း၊ကိုယ်စားလှယ်ကြီးများ နောက်တစ်ကြိမ်ညီလာခံတက်ရန် ညောင်နှစ်ပင်စခန်းကို ပြန်ရောက်သည့်အခါ ပြန်လည်ထုတ်ပေးမည်ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်ကြီးများကို တစ်ဆက်တည်းမှာကြားလိုသည်မှာ ကိုယ်စားလှယ်ကြီးများထံ ထုတ်ပေးထားသည့် အမျိုးသားညီလာခံ ရင်ထိုးတံဆိပ်သည်လည်း ကိုယ်စားလှယ်ကြီးများဖြစ်ကြောင်း တစ်နည်းတစ်ဖုံသိသာရန် လုံခြုံရေးအရ ဆောင်ရွက်ထားခြင်းဖြစ်သည့်အတွက် မပျောက်မပျက်ရန် ထိန်းသိမ်းထားရှိရန် မှာကြားလိုပါကြောင်း။

ယနေ့ ကျင်းပနေသည့် အမျိုးသားညီလာခံကြီး ခေတ္တရပ်နားပြီး နောက်တစ်ကြိမ် ပြန်လည်ကျင်းပသည့်အခါတွင်လည်း ညီလာခံအစည်းအဝေးဖိတ်စာများကို ကိုယ်စားလှယ်ကြီးများထံ ကြိုတင်ပေးပို့မည်ဖြစ်ပါကြောင်း၊ ဤသို့ ဖိတ်ကြားရာတွင်လည်း ဖိတ်ကြားစာများ ညီလာခံကိုယ်စားလှယ်ကြီးများထံ အိမ်တိုင်ရာရောက် ရောက်ရှိရန် သွားရေးလာရေး ပို့ဆောင်ရေးကိစ္စများ အဆင်ပြေချောမွေ့ရန် ဆောင်ရွက်ကူညီပေးရေး သက်ဆိုင်ရာ ပြည်နယ်တိုင်းများသို့ အကြောင်းကြားထားပြီး ဖြစ်ပါကြောင်း၊ ဖိတ်စာများ ပေးပို့သည့်အခါတွင်လည်း ဖိတ်စာများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးရေး သွားလာရေးအဆင်ပြေ ချောမွေ့အောင်ဆောင်ရွက်ပေးရေးတို့ကို ထပ်မံအကြောင်းကြားဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ကြိုတင်အသိပေးထားလိုပါကြောင်း။

ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်

ယခုကျင်းပသည့် အမျိုးသားညီလာခံတွင် ၂၀၀၄ခုနှစ်နှင့် ၂၀၀၅ခုနှစ် ညီလာခံများကျင်းပစဉ်က တွေ့ရှိခဲ့သည့် တွေ့ရှိချက်များကို အထူးဂရုပြုပြုပြင်ပြီး အုပ်ချုပ်ရေးဆိုင်ရာ ကဏ္ဍအားလုံးတွင် အကောင်းဆုံး အဆင်အပြေဆုံး ဖြစ်အောင် စီမံဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကိုယ်စားလှယ်ကြီးများကိုယ်တိုင်ကလည်း နိုင်ငံတော်နှင့် ညီလာခံ တာဝန်ရှိသူအားလုံးက အဘက်ဘက်မှ အလေးထား စီစဉ်ကြပ်မတ်ဆောင်ရွက်ပေးမှု၊ နေထိုင်ရေး ချက်ပြုတ်ကျွေးမွေးဧည့်ခံရေးစသည့် ကဏ္ဍအသီးသီးတွင် ဝန်ဆောင်မှုပေးနေကြသည့် တာဝန်ကျလူငယ်များ၏ စေတနာအရင်းခံနှင့် မိမိတို့၏ မိဘ၊အစ်ကို အစ်မများသဖွယ်သဘောထားပြုစုစောင့်ရှောက်မှုတို့ကို ခံစားတွေ့မြင်ပြီး တော်ရုံတန်ရုံ အားနည်းချက်များအပေါ် နားလည်ခွင့်လွှတ်ခဲ့ကြသည်ဟု မိမိတို့ပြန်လည်ကြားသိခဲ့ရပါကြောင်း၊ ထို့ကြောင့်လည်း ယခုကျင်းပသည့် ညီလာခံကာလအတွင်းတွင် နေထိုင်စားသောက်ရေးစသည့် အုပ်ချုပ်မှု ကိစ္စများတွင် အခက်အခဲတစ်စုံတစ်ရာမရှိဘဲ အစစအရာရာ အဆင်ပြေချောမွေ့ခဲ့ကြောင်း တွေ့ရှိရပါကြောင်း၊ နောင်ပြန်လည်ကျင်းပမည့် ညီလာခံများတွင်လည်း ယခုညီလာခံကဲ့သို့ အဆင်ပြေချောမွေ့ရန် ပိုမိုကောင်းမွန်ရန် ပြင်ဆင်ဆောင်ရွက်ထားမည်ဖြစ်ကြောင်း ပြောကြားလိုပါကြောင်း။

ညီလာခံကျင်းပနေစဉ်ကာလအတွင်း အမျိုးသားညီလာခံသတင်းလွှာကို နေ့စဉ်ထုတ်ဝေဖြန့်ချိခဲ့ပါကြောင်း၊ ဤညီလာခံသတင်းလွှာတွင် စုံညီအစည်းအဝေးကျင်းပခြင်း၊ အစုအဖွဲ့အလိုက်အစည်းအဝေးများ ကျင်းပခြင်း၊ အသေးစိတ်အခြေခံရမည့်မူများချမှတ်ခြင်းစသည့် ညီလာခံကဆောင်ရွက်သည့် ကိစ္စမှန်သမျှ၏ အကြောင်းအရာများပါဝင်သည့်အတွက် ညီလာခံကိုယ်စားလှယ်ကြီးများအတွက် မိမိပါဝင်ဆောင်ရွက်ခဲ့သည့် ညီလာခံ၏အကြောင်းအရာများဖြစ်၍ နောင်အခါ တန်ဖိုးမဖြတ်နိုင်သည့် အထောက်အထားမှတ်တမ်းများဖြစ်လာမည်ဖြစ်ကြောင်း ပြောကြားလိုပါကြောင်း။

ထို့ပြင် ကိုယ်စားလှယ်ကြီးများက ဆောင်းပါး၊ ကဗျာ၊ ဝတ္ထု၊ ဟာသ၊ ပုံပြင်စသည်များကို စိတ်ပါဝင်စားစွာ ပါဝင်ရေးသားမှုနှင့် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ညီလာခံသတင်းလွှာသည်လည်း ချစ်၊ ရွှင်၊ သနား၊ တည်ကြား၊ ရဲဝံ့၊ အံ့သြစသည့် ရသစုံကို ပေးစွမ်းနိုင်ခဲ့သည့်အတွက် ကိုယ်စားလှယ်ကြီးများအားလုံးက နှစ်သက်လက်ခံကြကြောင်း၊ မိမိတို့ တိုင်းရင်းသားအသီးသီး၏ ဓလေ့ထုံးစံ ယဉ်ကျေးမှုများကို အချင်းချင်း ပိုမိုနားလည် သဘောပေါက်မှု ရရှိစေခဲ့ကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုတိုးတက်မြင့်မားစေခဲ့ကြောင်း ပြန်လည်ကြားသိရပါကြောင်း၊ ယင်းသို့ အကျိုးတရားကောင်းများ ပေးစွမ်းနိုင်စေသည့်စာစောင်များဖြစ်၍လည်း မိမိတို့ ပြန်ကြားရေးဝန်ကြီးဌာနက ဤညီလာခံသတင်းလွှာပါ ဆောင်းပါး၊ ကဗျာ၊ ဟာသများကို စာအုပ်အဖြစ် စုစည်းပုံနှိပ်ထုတ်ဝေထားပြီးဖြစ်ပါကြောင်း။

အထူးကျေးဇူးတင်

ယခုကဲ့သို့ အုပ်ချုပ်မှုကိစ္စများ၊ နေ့စဉ်သတင်းလွှာနှင့် ဖျော်ဖြေမှုကိစ္စများတွင် အကောင်းဆုံးဖြစ်ရန်၊ အဆင်ပြေဆုံးဖြစ်ရန် ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် တာဝန်ရှိသူများနှင့် ဝန်ထမ်းအားလုံးကိုလည်းကောင်း၊ ခံစားနားလည်မှု အရင်းခံပြီး သည်းခံခွင့်လွှတ် ပူးပေါင်းဆောင်ရွက်ပေးခဲ့ကြသည့် ကိုယ်စားလှယ်ကြီးများအားလုံးကိုလည်းကောင်း အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါကြောင်း၊ ထို့အတူ ဖျော်ဖြေရေးကဏ္ဍတွင် ငွေကြေးကို ပဓာနမထားဘဲ စေတနာနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ထမ်းများ၊ ကာကွယ်ရေးဝန်ကြီးဌာန မြဝတီဝိုင်းတော်သားများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် အငြိမ့်အဖွဲ့၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ ဂီတအစည်းအရုံး၊ သဘင်အစည်းအရုံးနှင့် အနုပညာရှင်များအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားလိုပါကြောင်း၊ ထို့ပြင် ညီလာခံကြီးအောင်မြင်ရေးအတွက် ငွေကြေး၊ ပစ္စည်းလှူဒါန်းခဲ့ကြသည့် အဖွဲ့အစည်းများနှင့် စေတနာရှင်များ၊ အားကစားနှင့် ဖျော်ဖြေမှုကဏ္ဍတွင် စည်စည်ကားကား၊ ပျော်ပျော်ရွှင်ရွှင်ဖြစ်အောင် ပံ့ပိုးကူညီခဲ့ကြသည့် ညီလာခံကိုယ်စားလှယ်လုပ်ငန်းရှင်များနှင့် ပြင်ပမှလုပ်ငန်းရှင်များ၊ ရုပ်ရှင်ကားများ စဉ်ဆက်မပြတ်ပြသနိုင်အောင် လှူဒါန်းခဲ့ကြသည့် ရုပ်ရှင်ထုတ်လုပ်သူများအားလုံးကိုလည်း အထူးပင်ကျေးဇူးတင်ကြောင်း ပြောကြားလိုပါကြောင်း။

ယခုမကြာခင် အမျိုးသားညီလာခံ၏အခန်းကဏ္ဍတစ်ရပ်ပြီးဆုံးတော့မည်ဖြစ်သည့်အတွက် မိမိတို့ဌာနေကို ပြန်ကြတော့မည်ဖြစ်၍ ကိုယ်စားလှယ်ကြီးများ၏ ဌာနေအပြန်ခရီး ချောမွေ့အန္တရာယ်ကင်းပါစေ၊ မိသားစုနှင့်ပြန်လည်ဆုံတွေ့ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ၊ ပြန်လည်ကျင်းပမည့် အမျိုးသားညီလာခံသို့လည်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာနှင့် ပြန်လည်တက်ရောက်နိုင်ကြပါစေ၊ အမျိုးဘာသာ သာသနာအကျိုးနှင့် မိမိတို့၏အကျိုးကို ဆတက်ထမ်းပိုးကြိုးပမ်းထမ်းဆောင်နိုင်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နှစ်သစ်အခါသမယတွင် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်းနှင့် တိုင်းကျိုးပြည်ကျိုးများကို ဆတက်ထမ်းပိုးတိုးပြီး သယ်ပိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါကြောင်း။

အောင်အောင်မြင်မြင်ဆောင်ရွက်နိုင်

၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်၌ ကျင်းပခဲ့ကြသည့် အမျိုးသားညီလာခံကြီးသည် ယခုအခါတွင် အချိန်ကာလအားဖြင့် နှစ်လနီးပါးရှိသွားပြီ ဖြစ်ပါကြောင်း၊ ဤကာလအတွင်း၌ ကိုယ်စားလှယ်ကြီးများအနေဖြင့် တက်တက်ကြွကြွ ညီညီညွတ်ညွတ်ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများကို အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။
(သတင်းစဉ်)

ယခုကျင်းပခဲ့သည့်အမျိုးသားညီလာခံတွင် ယခင်အပတ်အမျိုးသားညီလာခံကကိုယ်စားလှယ်ကြီးများ ထောက်ခံဆွေးနွေးအကြံပေးခဲ့ကြသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် အခြေခံရမည့်အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာအာဏာခွဲဝေမှုအပိုင်းများအတွက်-

(က) နိုင်ငံတော်သမ္မတ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊
(ခ) ပြည်ထောင်စုအစိုးရ၏ အုပ်ချုပ်မှုအခွင့်အာဏာ၊
(ဂ) တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်အစိုးရ၏ အုပ်ချုပ်မှု အခွင့်အာဏာ၊
(ဃ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့များ၏ အုပ်ချုပ်မှုအခွင့်အာဏာ၊
(င) နိုင်ငံ့ဝန်ထမ်း၊
(စ) တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှု

စသည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး အသေးစိတ်အခြေခံရမည့်မူများကို ယခုတစ်ပတ် ညီလာခံတွင် အောင်အောင်မြင်မြင် ချမှတ်နိုင်ခဲ့ပါကြောင်း။

ရှင်းလင်းတင်ပြခဲ့

မိမိတို့ ဒီဇင်ဘာ၁၃ရက်၊၁၄ရက်နှင့်၁၅ရက်များတွင်ကျင်းပခဲ့သည့် စုံညီအစည်းအဝေးများတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့်ပတ်သက်၍ လေ့လာတွေ့ရှိချက်များအပေါ် အသေးစိတ်အခြေခံရမည့်မူများချမှတ်ရန် သင့်မသင့်ကို ကိုယ်စားလှယ်ကြီးများအား ရှင်းလင်းတင်ပြခဲ့ပါကြောင်း။

အဆိုပါ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းတင်ပြချက်များအပေါ် ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိတို့အစုအဖွဲ့အလိုက် လွတ်လွတ်လပ်လပ် ပွင့်ပွင့်လင်းလင်း ညှိနှိုင်းဆွေးနွေးတိုင်ပင်ကြပြီး ထောက်ခံအကြံပြုချက်စာတမ်းများကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၂ ရက်၊ ၃ရက်၊ ၅ရက်၊ ၆ရက်နှင့် ၉ရက်များ၌ ကျင်းပခဲ့ကြသည့် စုံညီအစည်းအဝေးများတွင် ကိုယ်စားလှယ်အားလုံးသိရှိအောင် ဖတ်ကြားတင်ပြခဲ့ကြပြီး ဖြစ်ပါကြောင်း။

အကြံပြုတင်ပြ

ထို့ပြင် ၂၀၀၆ခုနှစ် ဇန်နဝါရီ၁၀ရက်၌ကျင်းပသည့် စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ကျန်ရှိသည့် အခန်းလိုက် ခေါင်းစဉ်များအနက် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့်တာဝန်များအခန်း၊ တပ်မတော် အခန်းကဏ္ဍတို့နှင့် စပ်လျဉ်း၍လည်း အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရန် သင့်မသင့်ကို ရှင်းလင်းတင်ပြခဲ့ရာ ကိုယ်စားလှယ်ကြီးများအနေဖြင့် မိမိတို့အစုအဖွဲ့လိုက် ပြန်လည်ဆွေးနွေးသုံးသပ်ကြပြီး ထောက်ခံဆွေးနွေး အကြံပြုချက်စာတမ်းများကို ဇန်နဝါရီ ၂၄ ရက်၊ ၂၅ ရက်၊ ၂၆ ရက်၊ ၂၇ ရက်နှင့် ၃၀ရက်တို့၌ ကျင်းပသည့် စုံညီအစည်းအဝေးများတွင် ကိုယ်စားလှယ်အားလုံးသိရှိအောင် ပွင့်ပွင့်လင်းလင်း ထောက်ခံဆွေးနွေး အကြံပြုတင်ပြခဲ့ကြပြီး ဖြစ်ပါကြောင်း။

ကိုယ်စားလှယ်ကြီးများ ထောက်ခံဆွေးနွေးအကြံပြုတင်ပြချက်များကို အလုပ်ချိုးသဘာပတိအဖွဲ့က အစုအဖွဲ့တစ်ဖွဲ့ချင်းအလိုက် ပြန်လည်ဖတ်ရှုစိစစ်ပြီး တူညီရာ တူညီရာ ထောက်ခံချက်၊ အကြံပြုချက်များကို စာတမ်းတစ်စောင်အဖြစ် စုစည်းရေးသားကာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီသို့ တင်ပြသွားကြမည်ဖြစ်ပါကြောင်း။

ခေတ္တရပ်နားထားမည်

အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအနေဖြင့်လည်း အလုပ်ချိုးသဘာပတိအဖွဲ့၏ တင်ပြချက်စာတမ်းများကို ပြန်လည်စိစစ်ဖတ်ရှုရန်နှင့် နောက်တစ်ကြိမ် အမျိုးသားညီလာခံအစည်းအဝေးကြီးတွင် နောက်ထပ်အခန်းလိုက် ခေါင်းစဉ်အသစ်များနှင့် ပတ်သက်၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် ကိုယ်စားလှယ်ကြီးများအား အကြံပြုတင်ပြရန်အတွက် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကမ္ဘာ့နိုင်ငံအသီးသီးတို့မှ ဖွဲ့စည်းပုံအခြေခံဥပဒေများကို အသေးစိတ်အချိန်ယူလေ့လာဖတ်ရှုပြီး စာတမ်းများ ရေးသားပြုစုရမည်ဖြစ်သည့်အတွက် ယခုတစ်ပတ် အမျိုးသားညီလာခံကို ယနေ့မှာပင် ခေတ္တရပ်နားထားမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့

ကျေးလက်နေပြည်သူများ လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာအောင် ရှေ့ဆောင်ရှေ့ရွက်ပြု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ကိုယ်ထိလက်ရောက် ကြိုးပမ်းအားထုတ်လုပ်ဆောင်

■ ရှေ့ဖုံးမှ

ရှေးဦးစွာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များအား ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းက ပုသိမ်-မြောင်းမြ-အိမ်မဲ-ဒါးကလမ်း ကွန်ရက်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား တံတားအကြောင်းရွေးချယ်ခဲ့မှုနှင့်စပ်လျဉ်းသည်များ၊ တံတားဆိုင်ရာအချက်အလက်များနှင့် တံတားတည်ဆောက်ပြီးစီးမှုများ၊ ပုသိမ်ဘက်ကမ်းနှင့် မြောင်းမြဘက်ကမ်းချဉ်းကပ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ပြီးစီးမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဧရာဝတီတိုင်း မြောင်းမြနှင့် ပုသိမ်ဆက်သွယ်သည့် ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတားကို တွေ့ရစဉ်။
(သတင်းစဉ်)

တာဝန်ရှိသူများအား လမ်းညွှန်မှာကြား

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပုသိမ်မြို့ အနောက်တောင်တိုင်းစစ်ဌာနချုပ်ဧည့်ရိပ်သာ၌ တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်နှင့် ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများအား လမ်းညွှန်မှာကြားစဉ်။

(သတင်းစဉ်)

ဆက်လက်၍ မြောင်းမြခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွင့်ဝင်းက မြောင်းမြခရိုင် အတွင်းရှိကားလမ်းများ အခြေအနေနှင့် ဝါးခယ်မ-ပုသိမ် ကားလမ်းအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်ဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတားကို ပြည်သူများ အမြန်ဆုံးဖြတ်သန်း အသုံးပြုနိုင်အောင် ဆက်လက်ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

အလားတူ လက်ရှိအသုံးပြုနေသော ဝါးခယ်မ-ရွှေလောင်း ပုသိမ်ကားလမ်းထက် ခရီးမိုင် ၃၇ မိုင် လျော့နည်းသက်သာမည့် ဝါးခယ်မ-ကျွန်းကုန်း-မြင်းကဆိပ်-ပုသိမ်ကားလမ်း၌ ကျွန်းကုန်းချောင်းဖြတ်ကူးတံတားကို ဆက်လက်တည်ဆောက်သွားရန်ဖြစ်ကြောင်း လမ်းညွှန်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ပမ္မဝတီမြစ်ကူး (မြင်းကဆိပ်)တံတား တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

တာဝန်ယူတည်ဆောက်

ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေး စီမံကိန်း အထူးအဖွဲ့(၅)မှ အင်ဂျင်နီယာမှူးဒေါ်စီသန်း ဦးဆောင်သည့်အင်ဂျင်နီယာများက တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။

တံတားမှာ ပုသိမ်-မြောင်းမြလမ်းပေါ်၌ တည်ရှိသည့်တံတားဖြစ်သည်။ တံတားအပေါ်ထည်မှာ ဘေလီကြိုးတံတား၊ သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ အောက်ထည်မှာ သံကူကွန်ကရစ်နှင့် အုတ်မြစ်မှာ သံကူကွန်ကရစ်လွန်တူးပိုင် တံတားအမျိုးအစား ဖြစ်သည်။ ပင်မတံတား၏အရှည်ပေ ၅၄၀ အပါအဝင် စုစုပေါင်းပေ ၁၂၆၀ရှည်သည့် တံတားဖြစ်သည်။

ဆက်သွယ်သွားလာနိုင်

ပုသိမ်မှမြောင်းမြသို့ ၆၅မိုင်ရှည် ပုသိမ်-ဒါးက-အိမ်မဲ-မြောင်းမြ ကားလမ်းဖြင့် ခရီးသွားလာလျက်ရှိရာ ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား တည်ဆောက်ပြီးစီးပါက ၃၂မိုင်ရှည် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ ကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ယခင်ကားလမ်းထက် ၃၃မိုင် သက်သာစွာဖြင့် ပုသိမ်-မြောင်းမြ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

ရာနှုန်းပြည့်နီးပါးပြီးစီး

ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတားတည်ဆောက်ရေးလုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။

ဧရာဝတီတိုင်းအတွင်းရှိ ဝါးခယ်မ-ရွှေလောင်း-ကျုံကနောင်-ပုသိမ် ကားလမ်းမှာ ၉၁ မိုင်ရှိသည့် ကားလမ်းဖြစ်သည်။ အခြား ဝါးခယ်မ-ပုသိမ် ဆက်သွယ်နိုင်သည့် ကားလမ်းမှာ ၅၄ မိုင်ရှည် ဝါးခယ်မ-ကျွန်းကုန်း-မြင်းကဆိပ်-ပုသိမ် ကားလမ်းဖြစ်ပြီး အဆိုပါကားလမ်း၌ ကျွန်းကုန်းတံတားကိုတည်ဆောက်ခြင်းဖြင့် ဝါးခယ်မ-ပုသိမ်ခရီးကို ၃၇ မိုင် သက်သာစေမည်ဖြစ်သည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် ပုသိမ်မြို့သို့ရောက်ရှိကြပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ်ဧည့်ရိပ်သာ၌ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေနှင့် တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ပုသိမ်၊ ဟင်္သာတ၊ မြောင်းမြ၊ မအူပင်နှင့်ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

ဖွံ့ဖြိုးတိုးတက်မှုရှင်းလင်းတင်ပြ

တွေ့ဆုံပွဲတွင် ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က ဧရာဝတီတိုင်း၏ ဧရိယာစုစုပေါင်းနှင့် မြေအသုံးချမှုများ၊ လူဦးရေ၊ မိုးစပါး၊ နွေစပါး စိုက်ပျိုးနိုင်မှု၊ အဓိကသီးနှံ ၁၀ မျိုး၊ ပဲမျိုးစုံ၊ အမယ်သစ်သီးနှံနှင့် နှစ်ရှည်သီးနှံစိုက်ပျိုးမှုများ၊ ရော်ဘာဧကတစ်သိန်း စိုက်ပျိုးရန်လျာထားမှုနှင့် သုံးနှစ်အတွင်း အပြည့်အဝစိုက်ပျိုးပြီးစီးရန် စီမံထားမှုများ၊ ခြံစည်းရိုးကြက်ဆူပင်ဧကငါးသိန်း စိုက်ပျိုးသွားရန်စီစဉ်ထားမှုများ၊ ဒေသဆန်ဖူလုံပိုလျှံမှုများ၊ ဆည်တမံနှင့် မြစ်ရေတင်စီမံကိန်းများ တည်ဆောက်မှုအခြေအနေ၊ ငါး၊ ပုစွန်၊ ကြက်နှင့် ဘဲ မွေးမြူမှုများ၊ တိုင်း၏ စီးပွားဖွံ့ဖြိုးတိုးတက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် ဧရာဝတီတိုင်းသည် စိုက်ပျိုးရေးနှင့်ပတ်သက်၍ နိုင်ငံတော်ကအားထားရသည့်တိုင်းဖြစ် ကြောင်း၊ ဧရာဝတီတိုင်း၏ စိုက်ပျိုးမှုကောင်းလျှင်ကောင်းသလို၊ စိုက်ပျိုးရေးလုပ်ငန်းတိုးတက်လျှင် တိုးတက်သလို နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူပြုလျက်ရှိကြောင်း။

အားထုတ်ကြိုးပမ်း

ဧရာဝတီတိုင်း၏ မိုးစပါးစိုက်ပျိုးမှုတစ်ခုတည်းကိုပင်ကြည့်ပါက ဧက ၃၆ သိန်းကျော်ရှိသဖြင့် တစ်နိုင်ငံလုံး မိုးစပါး စိုက်ပျိုးမှု၏ ၂၅ ရာခိုင်နှုန်းကျော်ခန့်ရှိနေကြောင်း၊ ထို့ကြောင့် ဧရာဝတီတိုင်းအနေဖြင့် မိမိ၏ စိုက်ပျိုးထုတ်လုပ်မှုကို မြင့်မားတိုးတက်နေအောင် အမြဲတမ်းအားထုတ်ကြိုးပမ်းနေရန် လိုကြောင်း။

ယင်းသို့ ကြိုးပမ်းအားထုတ်ရာတွင် ခေါင်းဆောင်မှုအပိုင်း၏ အခန်းကဏ္ဍမှာ အရေးကြီးကြောင်း၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် နိုင်ငံ့ဝန်ထမ်းများ၏ခေါင်းဆောင်မှုကောင်းလျှင် ကောင်းသလောက် နယ်မြေဒေသဖွံ့ဖြိုးတိုးတက်မှာဖြစ်ကြောင်း။

ထို့ကြောင့် ဧရာဝတီတိုင်း၏စိုက်ပျိုးရေးကဏ္ဍ ရှင်သန်ဖွံ့ဖြိုးနေရန်အတွက် တာဝန်သိသိ၊ အစီအမံရှိရှိဖြင့် ဦးစီးဦးဆောင်ပြု ကြိုးပမ်းအားထုတ် သွားမည်ဟု ဝန်ထမ်းများအနေဖြင့် ခံယူလုပ်ဆောင်သွားရန် အရေးကြီးကြောင်း။

တီထွင်ကြံဆကြိုးပမ်း

စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်အောင်လုပ်ကိုင်ဆောင်ရွက်ရာ၌ စက်သုံး ဆီမလုံလောက်၍ စိုက်ဧက ပြည့်မီအောင် မစိုက်ပျိုးနိုင်ခြင်းမျိုးမဖြစ်ရအောင် တီထွင်ကြံဆကြိုးပမ်းနေရမှာဖြစ်ကြောင်း။

သီးထပ်စိုက်ပျိုးရေး၌ စက်သုံးဆီသည် အရေးကြီးသည်မှာအမှန်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် လယ်ယာကုန်ထုတ်လုပ်မှုတိုးတက်ရန် စက်သုံးဆီကို တတ်နိုင်သမျှ ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသော်လည်း ကမ္ဘာ့ရေနံဈေးနှုန်းမှာတက်လျက်ရှိသဖြင့် နိုင်ငံခြားသုံးငွေ တစ်နှစ်ထက်တစ်နှစ် ပိုမိုသုံးစွဲနေရသော်လည်း လောက်ငမှု၊ ပြည့်စုံမှု မရှိခဲ့ကြောင်း။

ခြံစည်းရိုးကြက်ဆူပင်များတိုးချဲ့စိုက်ပျိုး

ယခုအခါ ခြံစည်းရိုးကြက်ဆူပင်မှနေ၍ ဒီဇယ်ဆီအစားထိုးသုံးစွဲနိုင်သည့် ဇီဝဒီဇယ်ဆီကို လွယ်လွယ်ကူကူထုတ်လုပ်အသုံးပြုနိုင်ပြီဖြစ်၍ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ခြံစည်းရိုး ကြက်ဆူပင်များကို အောင်မြင်အောင် ဖိဖိစီးစီးတိုးချဲ့စိုက်ပျိုးသွားကြရမှာဖြစ်ကြောင်း။

နောင်တစ်နှစ်ကျော် နှစ်နှစ်ခန့်ဆိုလျှင် မိမိတို့ပြည်တွင်းမှစိုက်ပျိုးထုတ်လုပ် သော ဇီဝဒီဇယ်ဖြင့် သီးထပ်စိုက်ပျိုးရေးကို အပြည့်အဝလုပ်ကိုင်နိုင်တော့မှာဖြစ်ကြောင်း။

အပြည့်အဝဖော်ထုတ်အသုံးချ

တစ်ချိန်တည်းမှာပင် မိမိတို့နိုင်ငံ၏ပေါကြွယ်ဝသောမြေသယံဇာတများကို အပြည့်အဝဖော်ထုတ်အသုံးချနိုင်အောင် ကြိုးပမ်းကြရန်လိုကြောင်း။

သီးနှံစိုက်ဧကတိုးချဲ့ခြင်း၊ သီးနှံအလိုက် တစ်ဧကအထွက်နှုန်းတိုးတက်စေခြင်း၊ သီးထပ်စိုက်စွမ်းအားမြှင့်တင်ခြင်းတို့ဖြင့် လယ်ယာကုန်ထုတ်လုပ်မှုအခြေအနေကို တိုးတက်သည်ထက်တိုးတက်အောင် လုပ်ကိုင်သွားကြရမှာ ဖြစ်ကြောင်း။

ဆက်လက်အားထုတ်ကြိုးပမ်း

ဧရာဝတီတိုင်း၌လည်း တည်ရှိနေသောမြေသယံဇာတများကို ထိရောက်စွာ အသုံးချနိုင်အောင် ဆက်လက်အားထုတ် ကြိုးပမ်းသွားကြရန် လိုအပ်ကြောင်း။

နိဂုံးချုပ်အားဖြင့် နိုင်ငံ့ဝန်ထမ်းများသည် ကြိုးစားပမ်းစား အလုပ်လုပ်ကြရန် လိုအပ်သကဲ့သို့ မိမိတို့၏ခေါင်းဆောင်မှုအရည်အချင်းကိုလည်း မြင့်မားနေအောင်ပြုစုပျိုးထောင်ကြရန်လိုကြောင်း၊ ကျေးလက်ဒေသအထိကွင်းဆင်းပြီး ကျေးလက်နေပြည်သူများ၏လူနေမှုဘဝအဆင့်အတန်း မြင့်မားတိုးတက်လာအောင် ရှေ့ဆောင်ရှေ့ရွက်ပြုဆောင်ရွက်သွားကြရန်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ထိလက်ရောက် ကြိုးပမ်းအားထုတ်လုပ်ဆောင်သွားကြရန်၊ ပြည်သူများနှင့်အမြဲထိတွေ့ပြီး ပြည်သူများကိုအကျိုးပြုနိုင်အောင် အပင်ပန်းခံ ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

ပြန်လည်ရောက်ရှိ

တွေ့ဆုံပွဲအခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ပြန်လည်ထွက်ခွာခဲ့ကြရာ ညပိုင်းတွင် ရောက်ရှိကြသည်။

(သတင်းစဉ်)

ရှင်းလင်းတင်ပြ

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ပုသိမ်-မြောင်းမြ-အိမ်မဲ-ဒါးကလမ်းကွန်ရက်နှင့် ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)



- ❒ **ပုသိမ်မှမြောင်းမြသို့ ၆၅ မိုင်ရှည် ပုသိမ်-ဒါးက-အိမ်မဲ-မြောင်းမြ ကားလမ်းဖြင့် ခရီးသွားလာလျက်ရှိရာ ပမ္မဝတီမြစ်ကူး (မြင်းကဆိပ်)တံတား တည်ဆောက်ပြီးစီးပါက ၃၂ မိုင်ရှည် ပုသိမ်-ကံကုန်း-မြင်းကဆိပ်-မြောင်းမြ ကားလမ်းဖြင့် ဆက်သွယ်သွားလာနိုင်မည်ဖြစ်ပြီး ယခင်ကားလမ်းထက် ၃၃ မိုင် သက်သာစွာဖြင့် ပုသိမ်-မြောင်းမြ ဆက်သွယ်သွားလာနိုင်မည်ဖြစ်။**
- ❒ **ပမ္မဝတီမြစ်ကူး(မြင်းကဆိပ်)တံတားတည်ဆောက်ရေးလုပ်ငန်းများမှာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်။**
- ❒ **ဧရာဝတီတိုင်းအတွင်းရှိ ဝါးခယ်မ-ရွှေလောင်း-ကျုံကနောင်-ပုသိမ် ကားလမ်းမှာ ၉၁ မိုင်ရှိသည့် ကားလမ်းဖြစ်သည်။ အခြား ဝါးခယ်မ-ပုသိမ် ဆက်သွယ်နိုင်သည့် ကားလမ်းမှာ ၅၄ မိုင်ရှည် ဝါးခယ်မ-ကျွန်းကုန်း-မြင်းကဆိပ်-ပုသိမ် ကားလမ်း ဖြစ်ပြီး အဆိုပါကားလမ်း၌ ကျွန်းကုန်းတံတားကိုတည်ဆောက်ခြင်းဖြင့် ဝါးခယ်မ-ပုသိမ်ခရီးကို ၃၇ မိုင် သက်သာစေမည်။**

မုဒိတာပွားစရာ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း

ခြင်ကျား (မအူပင်)

ရေဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား အားပေးစကားပြောကြားစဉ်။

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များ ခွဲစိတ်ပြုပြင်မှုကို ခွဲစိတ်ခန်းအတွင်း ဝင်ရောက်အားပေးစဉ်။

မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များသည် မိမိတို့ မျက်နှာပြင်၏ ချို့ယွင်းချက်ကြောင့် စိတ်အားငယ်နေကြရခြင်းကို မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းက ကုသိုလ်ဖြစ် ခွဲစိတ်ပြုပြင်ပေးလျက်ရှိ။

မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား ကုသိုလ်ဖြစ်ခွဲစိတ်ပြုပြင်ပေးခြင်းသည် မုဒိတာပွားစရာ လုပ်ငန်းကြီး တစ်ရပ်ဖြစ်။

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ကြီးကြပ်ရေးအဖွဲ့မှ ဦးဆောင်၍ မအူပင်မြို့ ခုတင် ၂၀၀ ဆံ့ ဆေးရုံ၌ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား ကုသိုလ်ဖြစ် ခွဲစိတ်ကုသရေး လုပ်ငန်းကို ဆောင်ရွက်နေကြောင်း ကြားသိရ၍ မအူပင်မြို့ ခုတင် ၂၀၀ဆံ့ဆေးရုံမှ ဆေးရုံအုပ်ကြီး ဒေါက်တာယဉ်ငြိမ်းနှင့်တွေ့ဆုံ၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များနှင့်စပ်လျဉ်း၍ ဆေးပညာ ရှုထောင့်အမြင်ကို တွေ့ဆုံမေးမြန်းဖြစ်ခဲ့သည်။ ဆရာဝန်ကြီး ဒေါက်တာယဉ်ငြိမ်းက မျိုးရိုးကြောင့်လည်းကောင်း၊ ဆေးမြီးတိုနှင့်အနောက်တိုင်းဆေးဝါးများ၏ ဘေးထွက်ဆိုးကျိုးကြောင့် လည်းကောင်း၊ အိုင်အိုဒင်းချို့တဲ့မှုကြောင့် လည်းကောင်း၊ စိန်ပါဝင်သော အစားအသောက်များကို စားသောက်မိ၍ လည်းကောင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များ မွေးဖွားလာခဲ့ရကြောင်း ဖြေကြားခဲ့ပါသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းသည် တစ်နိုင်ငံလုံး ဖြန့်ကြက်၍ ကျန်းမာရေး ပညာပေးခြင်းလုပ်ငန်း၊ သားဖွားခန်း ဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်း၊ ကာကွယ်ဆေးထိုးလုပ်ငန်းနှင့် အာဟာရကျွေးမွေးခြင်းလုပ်ငန်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေးလုပ်ငန်းကို မြန်မာနိုင်ငံတွင် ၁၉၁၁ခုနှစ်မှစတင်ခဲ့ပြီး ၁၉၉၀ပြည့်နှစ်မှာ သီးခြားဥပဒေတစ်ရပ် ပြဋ္ဌာန်းကာ ယနေ့တိုင် ပြည်သူ့ကျန်းမာရေးကို စောင့်ရှောက်သော စေတနာ့ ဝန်ထမ်း လူမှုရေးအဖွဲ့ကြီးအဖြစ် ရပ်တည်လျက် ရှိလေသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းသည် ပညာရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့၊ စီးပွားရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့နှင့် လူမှုရေးဆိုင်ရာ စောင့်ရှောက်ရေးအဖွဲ့များ ဖွဲ့စည်း၍ ဆောင်ရွက်လျက်ရှိသည်။ ထိရောက်သော ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ခဲ့သဖြင့် ကျန်းမာသန်စွမ်းသော မိခင်နှင့် ကလေးများ ဖြစ်ထွန်းလာခဲ့ကြောင်း တွေ့ရှိရလေသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း၏ (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အစည်း အဝေးကြီးတွင် "နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ အစရှိသည့် မွေးရာပါ ချို့ယွင်းချက်ရှိသော ကလေးသူငယ်များအား ခွဲစိတ်ကုသပေးခြင်းလုပ်ငန်းကို ဆက်လက် ဆောင်ရွက်ရန်" ဟူသော ရှေ့လုပ်ငန်းစဉ်ကို ချမှတ်ခဲ့သည်။

ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သည် တိုင်းအတွင်းရှိ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များကို ခွဲစိတ်ကုသပြုပြင်ရန် ဆောင်ရွက်လျက်ရှိသည်။ ပုသိမ်ခရိုင်မှ ဝေဒနာရှင်များကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂၃ရက်နေ့က ပုသိမ်အထွေထွေ ရောဂါကုဆေးရုံကြီး၌လည်းကောင်း၊ ဟင်္သာတခရိုင်၊ မြောင်းမြခရိုင်၊ မအူပင်ခရိုင်နှင့် ဖျာပုံခရိုင်တို့မှ ဝေဒနာရှင်များကို ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၂၄ရက်နေ့တွင် မအူပင် ခုတင်၂၀၀ဆံ့ ဆေးရုံကြီးတွင်လည်းကောင်း ကုသပေးခဲ့သည်။

ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့က တိုင်း အတွင်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် များကို ကုသိုလ်ဖြစ် ကုသနိုင်ရန် ညောင်တုန်း မြို့နယ် ဆားမလောက်ကျေးရွာတွင် ကျပ် ၃၂၀၇၅၀ တန်ဖိုးနှင့် မအူပင်မြို့ ဆေးရုံကြီး၌ ကျပ် ၁၃၄၂၄၀ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ပေးပို့လှူဒါန်း ခဲ့သည်။

ပဏာမအနေဖြင့် ၂၄-၁၀-၂၀၀၅ရက်နေ့မှ ၃၁-၁၀-၂၀၀၅ရက်နေ့အထိ ညောင်တုန်းမြို့နယ် ဆားမလောက်ကျေးရွာ၌ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များကို ခွဲစိတ်ပြုပြင်ပေးခဲ့သည်။ မအူပင်ခရိုင်မှ ၂၂ဦး၊ ဟင်္သာတခရိုင်မှ ၂၁ဦး၊ ဖျာပုံခရိုင်မှ ခုနစ်ဦး၊ မြောင်းမြခရိုင်မှ ၁၃ဦး စုစုပေါင်း ၆၃ဦးကို ခွဲစိတ်ပြုပြင်ပေးခဲ့သည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ မအူပင်ခရိုင် မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဦးဆောင်သော အဖွဲ့မှ အနီးကပ် ကြီးကြပ်ဆောင်ရွက်ခဲ့သည်။

မအူပင်မြို့ ခုတင် ၂၀၀ဆံ့ ဆေးရုံကြီးတွင် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များကို ကုသိုလ်ဖြစ် ကုသပေးရာ၌လည်း ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေး အဖွဲ့၊ မအူပင်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့နှင့် မအူပင်မြို့နယ် မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်းတို့၏ အနီးကပ်ကြီးကြပ် မှုဖြင့် ဆောင်ရွက်ခဲ့သည်။

မအူပင်ခရိုင်နှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေး နှင့်ဖွံ့ဖြိုးရေးအသင်းမှလည်း အလှူငွေအား၊ လူအားဖြင့် ပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာ ရှင်များကို မအူပင်မြို့ ခုတင် ၂၀၀ဆံ့ ဆေးရုံကြီး၌ ၂၄-၁၂-၂၀၀၅မှ ၂၉-၁၂-၂၀၀၅ရက်နေ့အထိ ကုသိုလ်ဖြစ် ခွဲစိတ်ပြုပြင်ပေးခဲ့သည်ကို တွေ့ရသည်။ မအူပင်ခရိုင်မှ ၁၉ဦး၊ မြောင်းမြခရိုင်မှ ၁၇ဦး၊ ဟင်္သာတခရိုင်မှ ၁၂ဦးနှင့် ဖျာပုံခရိုင်မှ ၂၂ဦး စုစုပေါင်း မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင် ၇၀ကို ကုသိုလ်ဖြစ် ခွဲစိတ်ပြုပြင်ပေးခဲ့ကြသည်။

ထိုသို့ ခွဲစိတ်ပြုပြင်ရာတွင် ဆေးပညာဘက်မှ စေတနာလုပ်အားဖြင့် ပံ့ပိုးကူညီခဲ့သူများမှ မျက်နှာ၊ သွား၊ ခံတွင်း၊ မေးရိုးအထူးကု ဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာကိုကိုမောင်ဦးဆောင်သည့် ဒေါက်တာ မြင့်ဆွေ၊ ဒေါက်တာထွန်းငွေ၊ ဒေါက်တာယုယုသင်း၊ သူနာပြု ဒေါ်ကလျာဝင်း၊ ဒေါ်နန်းမိုးမြင့်အေး၊ ဦးစိန် ခန်းလှိုင် (သွားတုပညာရှင်)တို့ ဖြစ်ကြသည်။

ထို့ပြင် ၂၆-၁၂-၂၀၀၅ ရက်နေ့တွင် ခွဲစိတ် ကုသခံယူနေသော လေးမျက်နှာမြို့နယ်မှ မောင်ကျော် ခိုင်ထူး၏မိခင်မှာ လူနာစောင့်ရင်း ရတ်တရက် မီးဖွား ခဲ့ပါသည်။ မီးဖွား လူနာအတွက် အဝတ်အစား၊ ဆေးဝါးတို့ကို မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များက ဝိုင်းဝန်းပံ့ပိုးလှူဒါန်းခဲ့ကြသည်။

၂၄-၁၂-၂၀၀၅ရက်နေ့တွင် ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီးတို့ ဦးဆောင်၍ မအူပင်ခုတင်၂၀၀ဆံ့ ဆေးရုံ၌ ကုသမှု ခံယူနေသော မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များကို အားပေးခဲ့ကြောင်း တွေ့ရှိရသည်။

၂၆-၁၂-၂၀၀၅ရက်နေ့တွင် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ် အမှုဆောင် ကော်မတီဝင် ဒေါ်တင်တင်မြဦးဆောင် သောအဖွဲ့ မအူပင်မြို့သို့ရောက်ရှိပြီး ထိုအဖွဲ့က "မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အမူအကျင့် ပြောင်းလဲရေးစီမံချက် ပြန်လည်ဆန်းစစ်ခြင်း" လုပ်ငန်းကို လေးအိမ်စုကျေးရွာနှင့် အမှတ်(၄) ရပ်ကွက်တို့၌ ဦးဆောင်ဆွေးနွေးခဲ့ကြလေသည်။

ထို့နောက် မအူပင် ခုတင်၂၀၀ဆံ့ ဆေးရုံကို သွားရောက်၍ ခွဲစိတ်ကုသမှုခံယူနေကြသော မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား တစ်ဦး လျှင်ကျပ်သုံးထောင်စီ ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ထိုလုပ်ငန်းအောင်မြင်စေရန် မအူပင်ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ တို့မှလည်းကောင်း၊ မြို့ပေါ်ရှိ NGO အဖွဲ့များမှ လည်းကောင်း ကူညီပံ့ပိုးခဲ့ကြသည်။ ယင်းကဲ့သို့ ကုသိုလ်ဖြစ် ခွဲစိတ်ပြုပြင်ပေးသော လုပ်ငန်းအပေါ် စိတ်ပါဝင်စားကြသော တစ်ဦးချင်း အလှူရှင်များလည်း ပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့် ၁၅-၁၂-၂၀၀၅ ရက်နေ့မှ ၁၆-၁၂-၂၀၀၅ ရက်နေ့များတွင်လည်း မွေးရာပါ နှုတ်ခမ်း ကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင် ၂၅ဦးကို မအူပင်မြို့ ခုတင် ၂၀၀ဆံ့ ဆေးရုံ၌ ဆက်လက်ခွဲစိတ် ပြုပြင်ပေး ခဲ့ကြသည်။

မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာ ရှင်များသည် မိမိတို့မျက်နှာပြင်၏ ချို့ယွင်းချက်ကြောင့် စိတ်အားငယ်နေကြရခြင်းကို မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက ကုသိုလ်ဖြစ် ခွဲစိတ်ပြုပြင်ပေးလျက်ရှိသည်။

သို့ပါ၍ **မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား ကုသိုလ်ဖြစ်ခွဲစိတ်ပြုပြင်ပေးခြင်း သည် မုဒိတာပွားစရာ လုပ်ငန်းကြီး တစ်ရပ်ဖြစ်**ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကကြီးမှူးကျင်းပသော အသိပညာပေးဟောပြောပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀နာရီက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမကြီး၌ ကျင်းပရာ ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့မှ နာယကကြီးများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ်အသီးသီးတို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အမျိုးသမီးရေးရာအဖွဲ့ဝင် ဝန်ထမ်းများနှင့် မိသားစုဝင်အမျိုးသမီးများ စုစုပေါင်း ၅၇၃ဦး တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်စကား

ရှေးဦးစွာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၏ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

လက်ခံယူ

ဆက်လက်၍ အမျိုးသမီးရေးရာအဖွဲ့ဝင် ဝင်ခွင့်လျှောက်ထားသော ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိကြသည့် ဝန်ထမ်းများနှင့် မှီခိုသူ အမျိုးသမီး ၆၅၈ဦးအတွက် အဖွဲ့ဝင် အသိအမှတ်ပြုလက်မှတ်နှင့်ရင်ထိုးတံဆိပ်များကို ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်မာမာဝေက ပေးအပ်ရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်၏ဇနီး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က လက်ခံယူသည်။

(အပေါ်ယာပုံ)

ထို့နောက် ဒေါက်တာမတင်ဝင်းက **"စိတ်လည်းကြည်လင်၊ လူလန်းရွှင်ဖို့ ကြိုးပမ်းစို့"**ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့် မှီခိုသူ အမျိုးသမီးများ စုစုပေါင်း ၅၄၂၅ဦး အမျိုးသမီးရေးရာအဖွဲ့ဝင်ပြီးဖြစ်ကြောင်း သိရသည်။ **(၂၁၀)**

မဟာဗောဓိတထောင်ဆရာတော် ဝိဇာတစိန်ရတုမွေးနေ့မင်္ဂလာ

ရန်ကုန် ဇန်နဝါရီ ၃၁

မုံရွာမြို့နယ် ခတက္ကန်တောင်ရွာမ မဟာဗောဓိတထောင်ကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာရဒ ဆရာတော်ကြီး၏ သက်တော်(၇၅)နှစ်ပြည့် ဝိဇာတစိန်ရတုမင်္ဂလာကို ၁၃၆၇ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် ဖေဖော်ဝါရီ ၁၁ ရက် (စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ သံဃာတော်အပါး၁၀၀၀၊ သီလရှင်အပါး ၁၀၀၀၊ သက်ကြီးအဘိုး၊ အဘွား နှင့် မိဘမဲ့ကလေး ၁၀၀၀နှင့် ဘုရားကြီးတည်ထားခဲ့သော အင်ဂျင်နီယာနှင့် လုပ်သား ၁၀၀၀၊ ကျောင်းသားကျောင်းသူ ၁၀၀၀ တို့အား သင်္ကန်း၊ ဝတ်ရုံ၊ ဝတ်စုံ အစရှိသည့် လှူဖွယ်ပစ္စည်းများကို လှူဒါန်းမည်ဖြစ်ပြီး ဖေဖော်ဝါရီ၁၂ရက်(တနင်္ဂနွေနေ့)၌ လေးကျွန်းစကြာ ရုပ်တော်မှု ဘုရားကြီး၌ဥပနာပွဲ၊ သံဃာ့ဒါနဆွမ်းလောင်းပွဲ၊ ဗောဓိတထောင်သမိုင်းပြတိုက်ကြီးဖွင့်ပွဲနှင့် ဗောဓိတထောင် သံဃာ့ဆေးရုံဖွင့်ပွဲတို့ကို တပည့်သာဝကအပေါင်းတို့က စုပေါင်းပူဇော်လှူဒါန်းကြမည်ဖြစ်သည်။

(သတင်းစဉ်)

တက္ကသိုလ်ဝင်စာမေးပွဲနှင့်စပ်လျဉ်းသည့် ဆွေးနွေးပွဲသင်တန်း လားရှိုးခရိုင်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် ပညာရေးဌာနက ပြုလုပ်သော တက္ကသိုလ်ဝင်စာမေးပွဲနှင့် စပ်လျဉ်းသည့် ဆွေးနွေးပွဲသင်တန်းကို ဇန်နဝါရီ ၁၄ ရက် နံနက် ၉နာရီက လားရှိုးမြို့ အထက(၆)ကမ္ဘောဇခန်းမတွင် ကျင်းပရာ တွဲဖက် ပြည်နယ်ပညာရေးမှူး ဦးသန်းထွန်းနှင့် လားရှိုး၊ သိန်းနီ၊ တန့်ယန်း၊ မိုင်းရယ်မြို့နယ်များမှ ပညာရေးမှူးများ၊ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းအုပ်များ၊ အထက်တန်း၊ အလယ်တန်းပြဆရာ ဆရာမများတက်ရောက်ကြပြီး ဇန်နဝါရီ၁၅ရက်အထိ ဆွေးနွေးပို့ချခဲ့သည်။

အခမ်းအနားတွင် တွဲဖက်ပြည်နယ်ပညာရေးမှူး ဦးသန်းထွန်း**(ယာပုံ)**က တက္ကသိုလ်ဝင်စာမေးပွဲကြီးကြပ်ရေးမှူးများ၊ လက်ထောက်ကြီးကြပ်ရေးမှူးများနှင့် စာဖြေသူများ လိုက်နာရန် စည်းကမ်းချက်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား ဆွေးနွေးသည်။ အဆိုပါ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ခရိုင်၊မြို့နယ်ပညာရေးမှူးများနှင့် တက်ရောက်သူများက ပြန်လည်တင်ပြကြရာ တွဲဖက်ပြည်နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးဖြေကြားကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရခိုင်သဟာယအသင်း(ရန်ကုန်) သက်ကြီးပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ရခိုင်သဟာယအသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေးနှင့် သက်ကြီးပူဇော်ပွဲကို ဇန်နဝါရီ ၁၄ရက်က ဗဟန်းမြို့နယ် အာဇာနည်ဗိမာန်လမ်းရှိ ရခိုင်ပြည်နယ်ဓမ္မာရုံတွင် ကျင်းပသည်။ ရှေးဦးစွာအသင်းဥက္ကဋ္ဌဒေါက်တာကျော်သိန်းက အဖွင့်အမှာစကား ပြောကြားပြီး သက်ကြီး အဘိုးအဘွားများနှင့် မိတ်ဆက်ပေးကာ လက်အုပ်ချီမိုး ကန်တော့ခဲ့ကြပြီး အဘိုးအဘွားများအား ကန်တော့ပစ္စည်းများပေးအပ်ကြသည်။

ဆက်လက်၍ အသင်းနှစ်ပတ်လည် အစည်းအဝေးကို ကျင်းပရာ ဥက္ကဋ္ဌ ဦးအောင်ရွှေဦးနှင့် အတွင်းရေးမှူး ဦးကျော်ဇံလှတို့ ပါဝင်သည့် ၂၀၀၆-၂၀၀၇ ခုနှစ် အမှုဆောင် ၃၅ ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

(မြန်မာ့အလင်း)

ပုပ္ပားစကားဝါမြေဆရာတော်၏ ဓမ္မခရီးစဉ်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ လှိုင်မြို့နယ် (၁၃) ရပ်ကွက်ရှိ ပဏ္ဍိတာရာမစာသင်တိုက်နာယက စာချသာသနာပြုနယ်လှည့် ဓမ္မကထိက ပုပ္ပားစကားဝါမြေဆရာတော်ဘဒ္ဒန္တပညာဝံသသည် ဖေဖော်ဝါရီ ၆ရက်တွင် လှိုင်မြို့နယ်(၁၃) ရပ်ကွက် ဇေတဝန်လမ်းရှိဇေတဝန်ကျောင်းတိုက် ပဋ္ဌာန်းအောင်ပွဲ၌လည်းကောင်း၊ ၁၃ရက်နှင့် ၁၄ရက်တို့တွင် ညောင်တုန်းမြို့ သုဓမ္မာစာပြန်ပွဲ၌လည်းကောင်း၊ ၂၅ ရက်တွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက် စာပြန်ပွဲ၌ လည်းကောင်း၊ ၂၇ရက်နှင့် ၂၈ရက်တို့တွင် မော်ကျွန်းမြို့ ကန္နားကျောင်းတိုက်စာပြန်ပွဲ၌လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားတော်မူမည်ဟုသိရသည်။**(က-ပ)**

ဓမ္မစေတီဆရာတော်၏ ဓမ္မခရီးစဉ်

ရန်ကုန် ဇန်နဝါရီ ၃၁

ဓမ္မစေတီဆရာတော် ဘဒ္ဒန္တကောသလ္လ (မဟာဓမ္မာစရိယ) M.A (Buddhism)သည် ဖေဖော်ဝါရီ ၁ ရက်တွင် ဖို့မြေဓမ္မာရုံ ကန်တော်လေး၊ ဖေဖော်ဝါရီ ၂ရက်တွင် (၁၃)ရပ်ကွက် တောင်ဥက္ကလာပနှင့် သာသနရက္ခိတ ဓမ္မဗိမာန်ရတနာလမ်း သင်္ဃန်းကျွန်း၊ ဖေဖော်ဝါရီ ၃ ရက်တွင် ဗိုလ်စိန်မှန်ရပ်ကွက် ဗဟန်း၊ဖေဖော်ဝါရီ ၄ ရက်တွင် သူဌေးလမ်း ကျောက်မြောင်းနှင့် ဗိုလ်တထောင်စေတီ ရောင်တော်ဖွင့် ဝတ်အသင်း၊ ဖေဖော်ဝါရီ ၅ ရက်နှင့် ၆ ရက်တို့တွင် အောင်မြေသာစည် ကမာရွတ်၊ ဖေဖော်ဝါရီ၇ရက်တွင် ၉၃လမ်း ကန်တော်လေး(တောင်ပိုင်း)နှင့် ဗိုလ်စိန်မှန်ရပ်ကွက် ဗဟန်း၊ ဖေဖော်ဝါရီ ၈ရက်တွင် ညောင်တုန်းမြို့ သုဓမ္မာစာပြန်ပွဲ၊ ဖေဖော်ဝါရီ၉ရက်တွင် (၂၉)ရပ်ကွက် မင်းဒင်လမ်း သုဝဏ္ဏ၊ဖေဖော်ဝါရီ ၁၀ရက်တွင် ရွှေကျင်ကျောင်းတိုက် မင်္ဂလာတောင်ညွန့်နှင့် ကြီးပွားရေးဓမ္မာရုံ တာမွေ၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ဇေယျသိဒ္ဓိကျောင်း ဒလ၊ ဖေဖော်ဝါရီ ၁၂ ရက်တွင် မြတ်လေးရုံပညာဗိမာန်ကျောင်း အမှတ်(၄)ရပ်ကွက် ကမာရွတ်နှင့် လယ်တီစံ သာသနရိပ်သာ ပုဇွန်တောင်၊ ဖေဖော်ဝါရီ ၁၃ ရက်တွင် အသောက သီတဂူစာသင်တိုက် သင်္ဃန်းကျွန်းနှင့် ဆင်မင်းလွတ်လပ်ရေးရပ်ကွက် အလုံ၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် ထီးတန်းအိမ်ရာ ကြည့်မြင်တိုင်နှင့် ဖေဖော်ဝါရီ ၁၅ ရက်တွင် မြေနီကုန်းဓမ္မာရုံ တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းစီးပွားရေးလုပ်ငန်းသမအသင်းစုချုပ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာစည်းဝေး

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းအထွေထွေစီးပွားရေး လုပ်ငန်းသမဝါယမအသင်းစုချုပ်၏ ၂၀၀၄-၂၀၀၅ခုနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇန်နဝါရီ ၂၈ရက်က အလုံမြို့နယ်ခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ရဲအောင်(ငြိမ်း)ကဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးတင်မြင့်က ဆောင်ရွက်သည်။

အတည်ပြု

အခမ်းအနားတွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်း **(အပေါ်ပုံ)**က အမှာစကားပြောကြားပြီး ဒါရိုက်တာအဖွဲ့ လုပ်ငန်းအစီရင်ခံစာနှင့် ရှေ့လုပ်ငန်းစဉ်များ၊ နှစ်ချုပ် ဘဏ္ဍာရေးရှင်းတမ်းများနှင့် အကျိုးငွေ ခွဲဝေမှု စာရင်းများကို ဖတ်ကြားတင်ပြကာ အတည်ပြုချက်ရယူသည်။

ချီးမြှင့်

သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မှုဂုဏ်ပြုဆုချီးမြှင့်ငွေကျပ် ၉၅၀၀၀၀နှင့် အစုပေါ် အမြတ်ငွေကျပ် ၁၉၀၃၅၀၀ကို သက်ဆိုင်ရာ အသင်းများနှင့် ပုဂ္ဂိုလ်များ၊ အသင်းဝင်များအားလည်းကောင်း၊ လှိုင်မြို့နယ် မီးဘေးဒဏ်ခံရသည့် အခြေခံအသင်းဒါရိုက်တာ နှစ်ဦးတို့အား ငွေကျပ်တစ်သိန်းကိုလည်းကောင်း ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ကွယ်လွန်သူ ဗိုလ်ချုပ်အောင်လှိုင်အား ရည်စူး၍ အမှတ် ၁၂၀ အလုံလမ်း ဒဂုံမြို့နယ်နေ ဇနီး ဒေါ်ခင်ဝင်းနွယ် မိသားစုက ဗဟန်းမြို့နယ် ဓိဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီး ဘညာဏ်(ငြိမ်း) လက်ခံယူစဉ်။

(က-ပ)

သာကေတမြို့နယ် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်း အင်ကြင်းခန်းမ၌ ၂၀၀၆ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၃၀ ရက်ကကျင်းပရာ မြို့နယ်အဆင့် ဘက်စုံထူးချွန်ဆုရ သတ္တမတန်းမှ မမကြင်နာနိုင်အား ကျောင်းအုပ်ဆရာကြီး ဦးချစ်အေးက ဆုဖလားပေးအပ်ချီးမြှင့်စဉ်။ (၂၅၈)

မိုးညှင်းဝိပဿနာတိုက် ပဋ္ဌာန်းနှင့်နှမ်းမနဲ့အလှူပွဲ

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဓမ္မစေတီလမ်း မိုးညှင်းဝိပဿနာတိုက်သစ်၏ (၁၄)ကြိမ်မြောက် အသံမစဲ ပဋ္ဌာန်းပူဇော်ပွဲနှင့် နှမ်းမနဲထိုးအလှူပွဲကို ဖေဖော်ဝါရီ ၁၀ရက်မှ ၁၃ရက်အထိ စည်ကား သိုက်မြိုက်စွာကျင်းပမည်ဖြစ်ရာ ဓမ္မမိတ်ဆွေများနှင့် တပည့်ဒါယကာအပေါင်းအား ဖိတ်ကြားထားကြောင်း သိရသည်။ **(က-ပ)**

ဇန်နဝါရီ၂၆ ရက်က တတိယအကြိမ်မြောက် လှိုင်သာယာမြို့နယ် အတွင်းရှိ အထက(၁)၊ (၂)၊ (၃) ကျောင်းမှ ကျောင်းသားကျောင်းသူ ၇၀၀၀ ကျော်တို့အတွက် မင်းကွန်းတောင်ရိုး ဗုဒ္ဓဘာသာယဉ်ကျေးမှု အကျိုးတော်ဆောင်ဆရာတော် ဘဒ္ဒန္တ ဣန္ဒာသာဘ အလှူရှင်များကိုယ်စားလက်ထောက် မြို့နယ်ပညာရေးမှူး ဦးမြတ်ဝေတိုးနှင့် အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ဌေးတို့ထံ ငွေကျပ်ခုနစ်သိန်းကျော်တန်ဖိုးရှိ ဗုဒ္ဓဘာသာယဉ်ကျေးမှုစာအုပ် ၇၀၀၀ ကျော် ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

* ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
* တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
* ပြည်ထောင်စုကြီး ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး။
* နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

စာမျက်နှာ ၇ မှ

မိမိတို့ ယနေ့အထိကျင်းပပြီးစီးသွားသည့် အမျိုးသားညီလာခံအစည်းအဝေးများတွင် ကိုယ်စားလှယ်ကြီးများ၏ တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများကြောင့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်လုပ်ငန်းစဉ်များသည် ချမှတ်ထားသည့် အခန်းလိုက်ခေါင်းစဉ်များအလိုက် တစ်ခုပြီးတစ်ခု အောင်မြင်မှုများ ရရှိလျက်ရှိနေပါကြောင်း၊ ယင်းအောင်မြင်မှုများကို ပြည်သူအများကလည်း သဘောပေါက်နားလည် သိရှိကြပြီး မိမိတို့ ကျင်းပနေသည့် အမျိုးသားညီလာခံကြီးကို ပြည်နယ်၊ တိုင်းအသီးသီးမှ တိုင်းရင်းသားပြည်သူအပေါင်းတို့က နေ့စဉ်နှင့်အမျှ သောင်းသောင်းဖြဖြ အားပေးထောက်ခံ ဂုဏ်ပြုလျက်ရှိနေသည်ကို ကိုယ်စားလှယ်ကြီးများအားလုံး အသိပင်ဖြစ်ပါကြောင်း။

ကြိုးပမ်းဆောင်ရွက်

တိုင်းရင်းသားပြည်သူအပေါင်းတို့၏ အားပေးထောက်ခံမှု၊ ကိုယ်စားလှယ်ကြီးများ၏ ညီညီညွတ်ညွတ်ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့ကြောင့် ပြည်တွင်းပြည်ပမှ အဖျက်သမားများ၏ အနှောင့်အယှက်အဟန့်အတားများကို အောင်မြင်စွာကျော်လွှားပြီး အမျိုးသားညီလာခံကြီးကို အောင်မြင်ပြီးမြောက်သည်အထိ ကျင်းပသွားမည်ဖြစ်ကြောင်းထပ်လောင်းပြောကြားလိုပါကြောင်း၊ ကိုယ်စားလှယ်ကြီးများအနေဖြင့်လည်း **"အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မဖဲ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို၊ စိတ်ကောင်းနဲ့ယှဉ်၊ ရှေးရှုနှင်လော့"** ဆိုသည့်စကားအတိုင်း ညီလာခံကြီး အောင်မြင်ပြီးမြောက်သည်အထိ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် လျာထားသတ်မှတ်ထားသည့် အခန်းလိုက်ခေါင်းစဉ်များအနက် ယခုညီလာခံတွင် ကိုယ်စားလှယ်ကြီးများ ထောက်ခံဆွေးနွေးအကြံပြုခဲ့သည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုရေးဆိုင်ရာအခန်းကဏ္ဍ၊ နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များ၊ တပ်မတော်အခန်းကဏ္ဍတို့နှင့်ပတ်သက်၍ အသေးစိတ်အခြေခံရမည့်မူများချမှတ်ရန်နှင့် နောက်ထပ်အခန်းလိုက် ခေါင်းစဉ်များကို ဆက်လက်ဆွေးနွေးရန်အတွက် နောက်တစ်ကြိမ်အမျိုးသားညီလာခံကြီးကို မိမိတို့၏ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ မထိခိုက်ရအောင် တောင်သူလယ်သမားကိုယ်စားလှယ်ကြီးများ စိုက်ချိန်ပျိုးချိန် ပြီးဆုံးပြီးအလုပ်အကိုင်ပါးမည့် ယခုနှစ် နှစ်ကုန်ပိုင်းအချိန်လောက်တွင် ထပ်မံကျင်းပသွားမည် ဖြစ်ပါကြောင်း။

ယခုတစ်ပတ် အမျိုးသားညီလာခံကြီး အောင်မြင်အောင် တက်ညီလက်ညီ ညှိနှိုင်းတိုင်ပင်ဆွေးနွေးအကြံပေးခဲ့ကြသည့် ကိုယ်စားလှယ်ကြီးများနှင့်တကွ အဘက်ဘက်မှ အုပ်ချုပ်မှုကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့် အမျိုးသားညီလာခံကျင်းပရေးစီမံခန့်ခွဲမှုကော်မတီနှင့် အထောက်အကူပြု ဝန်ထမ်းများအားလုံးတို့ကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

အောင်မြင်စွာကျင်းပပြီးစီး

ယင်းနောက် ၂၀၀၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် စတင်ကျင်းပခဲ့သော အမျိုးသားညီလာခံစုံညီအစည်းအဝေးကို နံနက် ၉ နာရီ ၄၅ မိနစ်တွင် အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

မိတ္ထီလာဆရာတော် မိုးကုတ်တရားစခန်းဓမ္မခရီးစဉ်

ရန်ကုန် ဇန်နဝါရီ ၃၁

မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်ဦးရပ် ကြည်ကုန်းနယ်မြေကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ (၁၂၉)၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယကျောင်းသစ်ကျောင်း ဆရာတော် ဘဒ္ဒန္တပညာစာရသည် တပို့တွဲလဆန်း ၁၂ ရက်မှ လဆုတ် ၃ ရက်အထိ ရေချိုရွာ မိတ္ထီလာမြို့နယ်၌ လည်းကောင်း၊ တပေါင်းလဆန်း ၁ ရက်မှ ၇ ရက်အထိ အိုင်ကြီးလည် ဝါရုံအုပ်စု မိတ္ထီလာမြို့နယ်၌လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ကြက်ဆူပျိုးပင်များရှင်သန်ဖြစ်ထွန်းအောင် စနစ်တကျပြုစုထိန်းသိမ်း ရည်မှန်းချက်အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်းစစ်ဌာနချုပ် ရန်ကုန်တပ်နယ် ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်အခမ်းအနားကို ယနေ့နံနက် ၇ နာရီက အဆိုပါတပ်နယ်ရှိ နယ်မြေခံတပ်၌ ကျင်းပရာ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့်ဇနီး ဒေါ်မာမာဝေတို့ တက်ရောက်၍ ခြံစည်းရိုးကြက်ဆူပင်များ ပျိုးထောင်ပေးကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကားပြောကြားရာတွင် ယနေ့အခမ်းအနား၌ ပျိုးထောင်စိုက်ပျိုးကြမည့် ကြက်ဆူပျိုးပင်များ ရှင်သန်ဖြစ်ထွန်းအောင် ဆက်လက်၍ စနစ်တကျ ပြုစုထိန်းသိမ်းကြစေလိုကြောင်းနှင့် ရန်ကုန်တိုင်း၏ ၂၀၀၆ ခုနှစ်မှ စတင်၍ သုံးနှစ်အတွင်း ကြက်ဆူပင်ဧက ငါးသိန်းစိုက်ပျိုးပြီးဖြစ်ရမည်ဆိုသည့် ရည်မှန်းချက် အောင်မြင်အောင် ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ရန်ကုန်တပ်နယ် ခေတ္တတပ်နယ်မှူး ဒုတိယဗိုလ်မှူးကြီး ထွန်းဦးက ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ရန်ကုန်တိုင်းမန်နေဂျာ ဦးအောင်ဆန်းက ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးနည်းပညာနှင့် အသုံးဝင်ပုံနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထည့်သွင်းပျိုးထောင်

ယင်းနောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး နည်းပညာပေးပြသမှုကို ကြည့်ရှုကြပြီး ခြံစည်းရိုးကြက်ဆူမျိုးစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။ ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် ရန်ကုန်တပ်နယ်၏ ခြံစည်းရိုးကြက်ဆူပျိုးဥယျာဉ်အတွင်း တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များ၏ ခြံစည်းရိုးကြက်ဆူပျိုးပင် ၁၅၀၀၀ နှင့် မျိုးကိုင်း ၂၀၀၀ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုအားပေးကာ **(အပေါ်ပုံ)** အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အလားတူ ရန်ကုန်တိုင်းစစ်ဌာနချုပ် မင်္ဂလာဒုံတပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးပွဲတော်အခမ်းအနားကို ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးတက္ကသိုလ်ဝင်းအတွင်း၌ ကျင်းပရာ ရှေးဦးစွာ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူး၊ ဇနီးနှင့် ဧည့်သည်တော်များသည် အခမ်းအနား၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းက ပြသသည့် ခြံစည်းရိုးကြက်ဆူပင်မှ ထုတ်လုပ်သည့် ဘိုင်အိုဒီဇယ်နှင့်ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး နည်းပညာပေး မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုကြပြီး ခြံစည်းရိုးကြက်ဆူစေ့နှင့် မျိုးကိုင်းများကို ပျိုးအိတ်များအတွင်း ထည့်သွင်းပျိုးထောင်ပေးကြသည်။

ကြည့်ရှုအားပေး

ယင်းနောက် တိုင်းမှူး၊ဇနီးနှင့် ဧည့်သည်တော်များသည် မင်္ဂလာဒုံတပ်နယ်၏ ခြံစည်းရိုးကြက်ဆူပင်ပျိုးဥယျာဉ်နှင့် ပျိုးပွဲတော်၌ တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ စုပေါင်းစိုက်ပျိုးကြမည့် ခြံစည်းရိုးကြက်ဆူပျိုးပင်နှင့် မျိုးကိုင်းများကို လိုက်လံ ကြည့်ရှုကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်း အလုပ်ရုံဆွေးနွေးပွဲ အပတ်စဉ်(၅) ပိတ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ပုဇွန်တောင်မြို့နယ် ၄၉ လမ်းရှိ အမှတ်(၉၁/၉၃)၌ ကျင်းပရာ မြန်မာနိုင်ငံဆေးနှင့် ဆေးပစ္စည်း ကုန်သည်များနှင့်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်လေးက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် သင်တန်းမှူး ဒေါက်တာမိမိကိုက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်း ကုန်သည်များနှင့် လုပ်ငန်းရှင်များအသင်းမှ မြန်မာနိုင်ငံ စာရင်းကိုင်များအသင်းသို့ အလှူငွေများ ပေးအပ်လှူဒါန်းကာ သင်တန်းပို့ချပေးသော ဆရာဝန်ကြီးများအား တာဝန်ရှိသူတို့က ဂုဏ်ပြုလက်မှတ်များ ပေးအပ်သည်။ **(သတင်းစဉ်)**

ရေလှောင်တမံဘက်စုံစီမံကိန်းများအတွက် စက်ယန္တရားများရောက်ရှိ လယ်ယာ/ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၃၁

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဆူးလေအမှတ်(၇)တံတားရှိ ကုန်တင်ရေယာဉ်များ၌ တင်ဆောင်ထားသည့် ဆည်မြောင်းဦးစီးဌာန ရေလှောင်တမံ ဘက်စုံစီမံကိန်းများအတွက် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံမှရောက်ရှိလာသော Trench Cutter နှစ်စုံနှင့် ဆက်စပ်ယန္တရားများကို ကြည့်ရှုစစ်ဆေးသည်။ **(ဓါတ်ပုံ)**

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးသည် အမှတ်(၃)ဗိုလ်အောင်ကျော်တံတား၌ ထမံသိစီမံကိန်းသို့တင်ပို့မည့် ယန္တရားများကို ကရိန်းစက်ကြီးများဖြင့် ရေယာဉ်များပေါ်သို့ သယ်တင်မှုကို ကြည့်ရှုစစ်ဆေးရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း နှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ တာဝန်ရှိသူတို့က M.V Beluga Project သင်္ဘောမှ သက်ဆိုင်ရာဒေသများသို့ တိုက်ရိုက်ပို့ရန် ပစ္စည်းများသယ်ချမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

လုပ်ငန်းဆိုင်ရာများမှာကြား

ယင်းနောက် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စုစုပေါင်း တန် ၅၀၀ ကျော်ရှိသည့် ရေစိမ့်တားနံရံ တည်ဆောက်ရေးသုံးစက်များကို စီမံကိန်းဒေသများသို့ ပို့ဆောင်မည့်အစီအစဉ် ရှင်းလင်းတင်ပြရာ ဝန်ကြီးက တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ကျောက်ဆည်အသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေး၊ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၃၁

ကျောက်ဆည်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ ၂၈ ရက်က ရွှေတိဂုံဘုရားလမ်းရှိ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီခမ်းမှာရုံ၌ကျင်းပရာ ကျောက်ဆည်အသင်း(ရန်ကုန်) ဂုဏ်ထူးဆောင်နာယက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဝန်ကြီး နှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းနှင့်ဇနီး ဒေါ်မြေကြည်စိန်၊ နာယကဒေါ်ကြည်ခင်၊ အသင်းအလုပ်အမှုဆောင်များနှင့် အသင်းသား အသင်းသူများ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ပညာရည်ချွန်ဆုပေးပွဲတွင် အသင်းဝင်များ၏ သားသမီးများမှ ၂၀၀၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ကျောင်းသား ကျောင်းသူ ၁၂ ဦးတို့အား ဆုများချီးမြှင့်ပေးအပ်ကြသည်။ **(သတင်းစဉ်)**

သာယာမည်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။

စီးပွားရေးလုပ်ငန်းဆိုင်ရာ အစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၃၁

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် Kuala Lumpur and Selangor Indian Chamber of Commerce & Industry (KLSICCI) တို့ ပူးပေါင်းပြုလုပ်သော စီးပွားရေးလုပ်ငန်းဆိုင်ရာ အစည်းအဝေးကို ဇန်နဝါရီ ၂၄ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းနှင့် KLSICCI ကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင် Mr.Adolf Ludge တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ အသင်းချုပ် တွဲဖက်အတွင်းရေးမှူး(၁)နှင့် KLSICCI မှ Mr. Adolf နှင့် Mr. Ravindra တို့က နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများကို ရှင်းလင်းတင်ပြသည်။ မွန်းလွဲပိုင်းတွင် မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် KLSICCI မှ စီးပွားရေးလုပ်ငန်းရှင်များ တစ်ဦးချင်းတွေ့ဆုံဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပုသိမ်တက္ကသိုလ် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ပုသိမ်တက္ကသိုလ် ရွှေရတုအကြိုအဖြစ် မြန်မာနိုင်ငံ အနှံ့အပြားရှိ ကျောင်းသူ ကျောင်းသားဟောင်းများ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပုသိမ်တက္ကသိုလ် ကန်သာယာ(ဘွဲ့နှင်းသဘင်ခန်းမ)၌ ကျင်းပမည်ဖြစ်သည်။ ဖေဖော်ဝါရီ ၄ ရက် (စနေနေ့) အကြိုညစာစားပွဲအမီ လာရောက်ကြရန်နှင့် တည်းခိုရေးအတွက် စီစဉ်ထားရာ ဖုန်း–၀၄၂–၂၁၃၀၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ **(က–ပ)**

ဝန်ထမ်းများဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများလိုက်နာပေးအပ်သောတာဝန်များ ကျေပွန်အောင်ဆောင်ရွက်

ရန်ကုန် ဇန်နဝါရီ ၃၁

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ဇန်နဝါရီ ၂၉ ရက်တွင် မန္တလေးတိုင်း မိတ္ထီလာခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနရုံး၌ လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ တာဝန်များ ကျေပွန်အောင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ကြည့်ရှုအားပေး

ဝန်ကြီးသည် ဇန်နဝါရီ ၃၀ ရက်တွင် ပြင်ဦးလွင် ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ ကျင်းပသော ဆေးတပ်စုသင်တန်း အမှတ်စဉ်(၆) ဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် ဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ဗဟိုမီးသတ်သင်တန်းကျောင်းရှိ လေ့ကျင့်ရေးနှင့် အုပ်ချုပ်ရေး တာဝန်ခံများနှင့်တွေ့ဆုံပြီး လုပ်ငန်းဆိုင်ရာများကို မှာကြား၍ ဌာနချုပ် ရုံးခန်းများ၊ အင်္ဂလိပ်စာသင်တန်းခန်းမ၊ မီးသတ် ပညာပေးပြခန်း၊ ကွန်ပျူတာသင်တန်းခန်းမ၊ စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ကျောင်းအတွင်း စိုက်ပျိုးရန် ပျိုးထောင်ထားသည့် ဧက ၅၀ စာ ခြံစည်းရိုး ကြက်ဆူပျိုးပင်စိုက်ခင်းများကို ကြည့်ရှုပြီး အိမ်တွင်းမှုအသက်မွေးပညာသင်ကျောင်း၏ စက်ချုပ်ပညာသင်ကြားနေမှု၊ မုန့်လုပ်နည်းပညာ လက်တွေ့ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဗဟိုမီးသတ်သင်တန်းကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနက ဖွင့်လှစ်မည့် ဘာသာရပ်ဆိုင်ရာသင်တန်း၏ အမျိုးသားနှင့်အမျိုးသမီးအိပ်ဆောင်၊ စားရိပ်သာတို့ကိုလည်းကောင်း၊ တပ်မတော်နေ့စစ်ကြောင်းတွင် ပါဝင်ချီတက်မည့် မီးသတ်တပ်ဖွဲ့ဝင်များ၏ လေ့ကျင့်မှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြား၍ စစ်ကြောင်းအတွက် အလှူငွေကျပ် ၁၅ သိန်းကို ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးသည် ဝက်မွေးမြူရေးခြံ၊ ကုန်ပဒေသာဆိုင်၊ ကြက်မွေးမြူရေးခြံနှင့် တိုင်းရင်းပရဆေးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းပေး

ထိုမှတစ်ဆင့် ဝန်ကြီးသည် ပြင်ဦးလွင်ခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန စိုက်ခင်းသို့သွားရောက်ပြီး ခရိုင်ဦးစီးဌာနမှူး ဦးစိုင်းဘုန်းတင့်က စိုက်ပျိုးထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ငါးဧကကြက်ဆူပင်စိုက်ပျိုးခင်းနှင့် ဝန်ထမ်းများ၏ ကြက်ဆူပင်စိုက်ပျိုးနေမှု၊ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ဂျုံစိုက်ခင်းများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးသည်။

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းက ဗဟိုမီးသတ်သင်တန်းကျောင်း အနော်ရထာခန်းမ၌ကျင်းပသော လူဝင်မှု ကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဘာသာရပ်ဆိုင်ရာ သင်တန်း အမှတ်စဉ်(၁၇) ဖွင့်ပွဲကို တက်ရောက်၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြစ်ကြီးနား အလက(၁) အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

မြစ်ကြီးနားမြို့ အလက(၁) (ယခင်မြို့မကျောင်း)၏ အာစရိယပူဇော်ပွဲကို ၂၀၀၆ ခုနှစ် မတ်လနောက်ဆုံးပတ်တွင် ယင်းကျောင်း၌ကျင်းပရန် စီစဉ်ထားသည်။

ရပ်ဝေးရပ်နီးများမှ တပည့်များအနေဖြင့် ဦးညိုဝင်း(ရန်ကုန်) ဖုန်း–၆၅၂၁၇၁၊ ၀၉–၈၀–၂၃၅၀၅၊ ဦးအုန်းရွှေ(ရန်ကုန်) ဖုန်း–၆၈၀၇၁၉၊ ၆၈၀၇၆၃၊ ဦးမောင်ကို (မြစ်ကြီးနား) ဖုန်း–၀၇၄–၂၂၆၂၉၊ ၀၇၄–၂၃၇၄၁၊ ဦးခင်မောင်လှ (မြစ်ကြီးနား) ဖုန်း–၀၇၄–၂၂၄၀၇၊ ၀၇၄–၂၃၃၀၄၊ ဦးလှအောင်၊ ဦးအောင်သာ(ဟိုပင်) ဖုန်း– ၀၇၄–၆၂၅၄၁နှင့်ဒေါ်စုစုကြည်(မန္တလေး) ဖုန်း–၀၂–၃၀၁၀၁ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၃၁

ကျောက်ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် အစည်းအဝေး ဂုဏ်ပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို မတ် ၁၈ ရက်(စနေနေ့) မွန်းတည့် ၁၂ နာရီတွင် လမ်းမတော် မြို့နယ် သရက်တောကျောင်းတိုက် ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပရန် စီစဉ်လျက်ရှိသည်။

တက်ရောက်နိုင်

အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းခဲ့သည့် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဇာတိဆရာတော်ကြီးသုံးပါးတို့အား ဂုဏ်ပူဇော်ခြင်း၊ ဂုဏ်ထူးဆောင်တံဆိပ်ချီးမြှင့်ခြင်းခံရသော လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုခြင်း၊ ပညာရည်ချွန်ဆုအတွက် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော အသင်းဝင်များ၏သားသမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ခြင်းတို့ကို တစ်ပါတည်းကျင်းပမည်ဖြစ်ရာ ရန်ကုန်ရောက် ကျောက်ပန်းတောင်းမြို့နယ်သူ၊ မြို့နယ်သားများအားလုံး အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ တက်ရောက်နိုင်ကြသည်။

ဖိတ်ကြား

ပညာရည်ချွန်ဆုအတွက် အမှတ်စာရင်းအထောက်အထားမိတ္တူများကို ဦးမောင်မောင် ဖုန်း–၅၈၀၇၁၄၊ ဦးဇော်လင်း ဖုန်း–၅၇၂၁၆၂၊ ဦးကျော်ရန် ဖုန်း–၅၈၄၁၉၅၊ ဦးမောင်မောင်လှ ဖုန်း–၃၈၄၅၆၇၊ ဗိုလ်ကြီးမောင်ဝင်း ဖုန်း–၃၈၂၇၄၁၊ ဦးမြင့်လွင် ဖုန်း– ၅၁၀၄၅၂ နှင့် ဦးအေးလွင် ဖုန်း–၆၆၆၄၅၆ တို့သို့ ဆက်သွယ်ပေးပို့ကြရန် ဖိတ်ကြားနှိုးဆော်ထားသည်။ **(က–ပ)**

ဖြူးမြို့တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၃၁

ဇန်နဝါရီ၃၀ ရက် နံနက် ၁၀ နာရီ၄၅ မိနစ်ခန့်တွင် ဖြူးမြို့ စည်ပင်သာယာဈေးအတွင်းရှိ ဆိုင်ခန်းတစ်ခန်း၌ မသင်္ကာဖွယ်အထုပ်တစ်ထုပ် ထားရှိသွားသည်ကိုတွေ့လိုက်ရသည့် ပြည်သူတစ်ဦး၏သတိပေးပြောကြားချက်အရ ဆိုင်ခန်းပိုင်ရှင်က ဈေးတာဝန်ရှိသူများမှတစ်ဆင့် ဖြူးမြို့ရဲစခန်းသို့ သွားရောက်အပ်နှံခဲ့သည်။

ရဲစခန်း၏ဘေးကင်းလုံခြုံသောနေရာတွင် ထိုအထုပ်ကိုထားရှိကာ စောင့်ကြပ်ကြည့်ရှုနေစဉ် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်၌ ထိုအထုပ်မှ ပေါက်ကွဲမှုဖြစ်ပွားပြီး မြေပြင်တွင် အကျယ်ကိုးလက်မ၊ အနက်နှစ်လက်မခန့်ရှိ ချိုင့်ခွက်တစ်ခု ဖြစ်ပေါ်ခဲ့ကြောင်းနှင့် အခြားထိခိုက်ပျက်စီးဆုံးရှုံးမှုမရှိကြောင်း သိရသည်။

ငွေပေးခိုင်းစေ

စုံစမ်းစစ်ဆေးချက်များအရ အဆိုပါအထုပ်ကို အသက် ၁၃ နှစ်သားအရွယ်ကလေးတစ်ဦး လာရောက်ထားသွားကြောင်းသိရှိရ၍ ထိုကလေးအား ခေါ်ယူမေးမြန်းရာ လူရွယ်တစ်ဦးက ၎င်းအားငွေပေးပြီး ဈေးအတွင်းရှိ ဆိုင်ခန်းတစ်ခန်းပေါ်တွင် ထားရှိခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားစေရန် ငွေပေး၍ခိုင်းစေခဲ့သော မသမာသူအကြမ်းဖက်အဖျက်သမားများအား ဖော်ထုတ်အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆန့်ကျင်ရှုတ်ချ

အကြမ်းဖက်သောင်းကျန်းသူ အဖျက်သမားများအနေဖြင့် ရပ်ရွာအေးချမ်းသာယာရေးကို ဖျက်ဆီးရန်၊ ပြည်သူများထိတ်လန့်တုန်လှုပ်မှုများ ဖြစ်ပေါ်စေရန် နည်းမျိုးစုံကိုသုံး၍ ဆောင်ရွက်လျက်ရှိရာ ပြည်သူအများကလက်မခံဘဲ ဆန့်ကျင်ရှုတ်ချနေကြသဖြင့် ယခုကဲ့သို့ ပြည်သူလူထုအတွင်း ပေါက်ကွဲမှုများဖြစ်ပွားစေရန်အတွက် အန္တရာယ်ဖြစ်စေနိုင်သောလုပ်ရပ်များကို မသိနားမလည်သည့် ကလေးသူငယ်များကိုပါ အသုံးချ၍ ယုတ်မာပက်စက်စွာ ကြံစည်လုပ်ကိုင်ခြင်း ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပတ္တမြားရတုဆုတောင်း

ဖေဖေ ပါမောက္ခ **ဦးလှအောင်** (ရှေ့နေချုပ်–ငြိမ်း)နှင့် မေမေ **ဒေါ်မြမြထွန်း** (B.A., B.L. တရားရုံးချုပ်ရှေ့နေ)တို့၏ ၇–၂–၂၀၀၆ ရက်တွင် ကျရောက်မည့် ပတ္တမြားရတု အခါသမယတွင် ချစ်သော ဇနီးမောင်နှံတို့ ပတ္တမြားရတုမှသည် ရွှေရတု၊ စိန်ရတု တိုင်အောင် ကျန်းမာချမ်းသာစွာဖြင့် လက်တွဲချီတက်နိုင်ပါစေဟု ဆုမွန်ကောင်း တောင်းအပ်ပါသည်။

(သား)ကိုစည်သူအောင်–(သမီး)ဒေါက်တာခင်သီတာရီ
(မြေး)သိင်္ဂီသက်ပိုင်ထွန်း။

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း
နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့်စာတမ်းဖတ်ပွဲ
ဖိတ်ကြားခြင်း

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၏ နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးနှင့် စာတမ်းဖတ်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းဝင်တိုင်း တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ ဖိတ်ကြားစာရရှိခြင်းမရှိပါကလည်း မပျက်မကွက်တက်ရောက်ပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

ကျင်းပမည့်နေ့ရက်	ကျင်းပမည့်အချိန်	ကျင်းပမည့်အကြောင်းအရာ	ကျင်းပမည့်နေရာ
၄–၂–၂၀၀၆	၈း၃၀–၁၇း၀၀နာရီ	အကြိုစာတမ်းဖတ်ပွဲများ	Myanmar Info-Tech
၅–၂–၂၀၀၆	၈း၃၀–၁၂း၀၀နာရ	နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေး	(တက္ကသိုလ်များ လှိုင်နယ်မြေ)
	၁၃း၀၀–၁၇း၀၀နာရီ	စာတမ်းဖတ်ပွဲများ	

မှတ်ချက်။ စာတမ်းဖတ်ပွဲတက်ရောက်မည်ဆိုပါက ကြိုတင်စာရင်းပေးရန်လိုအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ
ဖုန်း–၅၁၉၆၇၃၊ ၅၁၉၆၇၄၊ ၅၁၉၆၇၅၊ ၅၁၉၆၇၆။

ပြည်ပအလုပ်အကိုင်ကြော်ငြာ

၁။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် မှတ်ပုံတင်ထားသော T&Y Enterprise ၏ စီစဉ်ဆောင်ရွက်မှုဖြင့် စင်ကာပူနိုင်ငံ PSA Corporation ၌ ကွန်တိန်နာနောက်တွဲဆွဲယာဉ်ကြီးများမောင်းနှင်ရန်အတွက် အောက်ပါအချက်များနှင့်ပြည့်စုံသော မြန်မာနိုင်ငံသား(အမျိုးသား)များ အလိုရှိပါသည်။

(က) လိုအပ်သောဦးရေ	–	(၈၀)ဦး
(ခ) အသက်	–	၂၀ မှ ၄၀
(ဂ) ပညာအရည်အချင်း	–	အခြေခံပညာအထက်တန်း၊ (၁၀)တန်းအောင်မြင်ပြီးဖြစ်ရမည်
(ဃ) အခြားလိုအပ်ချက်	–	အင်္ဂလိပ်စကားကျွမ်းကျင်စွာပြောဆိုတတ်ရမည် (နိုင်ငံခြားသားအလုပ်ရှင်မှ လူတွေ့စစ်ဆေးမည်)
	–	"င"အဆင့်(အနီ)ယာဉ်မောင်းလိုင်စင်ရှိရမည်
	–	ကွန်တိန်နာနောက်တွဲဆွဲယာဉ်ကြီးများ မောင်းနှင်နိုင်သော ယာဉ်မောင်းကျွမ်းကျင်မှုရှိရမည် (ကွန်တိန်နာယာဉ်မောင်းလက်တွေ့စစ်ဆေးမည်)
(င) အခြေခံလစာ	–	၅၅၀ စင်ကာပူဒေါ်လာ
(စ) လုပ်ငန်းခွင်ခံစားခွင့်	–	၂၈၀ စင်ကာပူဒေါ်လာ
(ဆ) အချိန်ပိုလုပ်ခ	–	၂၀၀ စင်ကာပူဒေါ်လာ(လစဉ်ခန့်မှန်းရရှိ)
(ဇ) ဝန်ဆောင်ခ	–	၂၂၀၀ စင်ကာပူဒေါ်လာနှင့် ညီမျှသောကျပ်ငွေ

၂။ လျှောက်လွှာများကို သတ်မှတ်ပုံစံဖြင့် ရန်ကုန်တိုင်းနှင့် မန္တလေးတိုင်းအတွင်းရှိ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန (မြို့နယ်ရုံး)များနှင့် ကျန်ပြည်နယ်/တိုင်းများရှိ အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနရုံးများတွင် ၁၃–၂–၂၀၀၆ရက် နောက်ဆုံးထား၍ ပေးပို့တင်သွင်းရမည်။

၃။ အသေးစိတ် အချက်အလက်များကို အထက်ဖော်ပြပါ အလုပ်သမားရုံးများနှင့် T&Y Enterprise ရုံး၊ အခန်း ၀၂–၀၃(ပထပ်)၊ အာရှပလာဇာရှော့ပင်းစင်တာ၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်သို့ လူကိုယ်တိုင်လာရောက်ပြီး စုံစမ်းသိရှိနိုင်ပါသည်။

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

1. **Marketing Supervisor** **အမျိုးသမီး (၃) ဦး**
2. **Marketing Staff** **အမျိုးသမီး (၂) ဦး**

အမှတ်စဉ်(၁)အတွက် အသက်(၁၈–၂၅)နှစ်အတွင်း၊ ဘွဲ့ရ၊ သွက်လက်ထက်မြက်၍ စကားပြောပြေပြစ်ရမည်။ ရုပ်ရည်အသင့်အတင့် ရှိရမည်။ Computer, Fax, E-mail, Internet အတွေ့အကြုံ ရှိသူဦးစားပေးမည်။

အမှတ်စဉ်(၂)အတွက် အသက်(၂၀–၃၀)နှစ်အတွင်း၊ ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံရှိရမည်။

လျှောက်ထားလိုသူသည် တစ်လအတွင်းရိုက်ထားသော ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ ပညာအရည်အချင်း အထောက်အထားမိတ္တူ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း ထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှ ၁၀ရက်အတွင်း စာတိုက်သေတ္တာအမှတ်(၂၃၇)သို့ ပေးပို့လျှောက်ထားနိုင်ပါသည်။ ရွေးချယ်ခြင်းမခံရသော လျှောက်လွှာများကို ပြန်လည်ထုတ်ပေးမည်မဟုတ်ပါ။



အမည်ပြောင်း

ဦးစောတင်၏သား ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ အထက(၁)အဋ္ဌမတန်း(B)မှ မောင်အောင်မင်းထွေးအား မောင်အောင်မင်းဆွေဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်မင်းဆွေ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏မှတ်ပုံတင်၊ကျောင်းသားကတ်၊ယာဉ်မောင်းလိုင်စင်နှင့်ပိုက်ဆံအိတ်မှာ ၂၀–၁–၂၀၀၆ရက်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။ ကျေးဇူးဆပ်ပါမည်။ **မောင်မောင်ဦး**
၁၂/ရကန(နိုင်)၀၇၁၉၅၉
ဖုန်း–၀၉–၅၁–၄၉၇၃၃။



မင်းကွန်းတောရဆရာတော်ကြီး ရာပြည့်အကြိုဝိဇ္ဇာတမင်္ဂလာ

ရန်ကုန် ဇန်နဝါရီ ၃၁

ဗဟန်းမြို့နယ် အင်းလျားမြိုင်လမ်း မင်းကွန်းတောရကျောင်းတိုက်၏ ကျေးဇူးရှင် မဟာနာယက ဆရာတော်ကြီး၏ သက်တော်(၉၈)နှစ် ရာပြည့် အကြိုမွေးနေ့ပူဇော်ပွဲကို ဖေဖော်ဝါရီ၁၂ရက်(တနင်္ဂနွေနေ့)နံနက် ၈နာရီတွင် မင်းကွန်းပရိယတ္တိသာသနနုဂ္ဂဟ အသင်းသားများနှင့် တပည့်များက စုပေါင်း၍ သံဃာတော် အရှင်မြတ်အပါး ၁၀၀တို့အား နေ့ဆွမ်းနှင့်လှူဖွယ်ဝတ္ထုတို့ကိုဆက်ကပ်လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။

(က–ပ)

ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်ရှိ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ရွှေတောင်ကြား ၁၊ အမှတ် ၁၈ ကမ္ဘောဇလမ်းနေ ကွယ်လွန်သူမိဘများအား ရည်စူး၍ ဦးကျော်ခင်ညို–ဒေါ်ယဉ်ယဉ်မေ၊သမီး မစောယုနွယ်၊ သား မောင်မေတ္တာ–မမေ သက်ကျော်၊ မြေး မောင်ဖွဲ့ ဘုန်းမြတ်အောင်၊မောင်စည်သူအေး၊ မမေမေတ္တာ မိသားစုတို့က ကျပ်သုံးသိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ အဖွဲ့ဝင်ဗိုလ်မှူးကြီး ဘုန်းမြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

မဟာသတိပဋ္ဌာန်ခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

လှည်းကူးမြို့နယ် အုန်းနဲ့ကုန်းကျေးရွာ စတုဘုမ္မိက မဟာသတိပဋ္ဌာန်ကျောင်းတိုက်တွင် ဖေဖော်ဝါရီ ၁၂ ရက်မှစ၍ ခုနစ်ရက်တရားစခန်းကို ရန်ကုန် သဃ်န်းကျွန်း စတုဘုမ္မိက မဂ္ဂင်ရိပ်သာကြီး၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ သာသနာဓဇ ဓမ္မာစရိယ ဝိနယဝိဒူ ဘဒ္ဒန္တကုမာရ၏မူအတိုင်းဖွင့်မည်ဖြစ်ရာ ညစဉ် ၇ နာရီ မှစ၍ ဓမ္မကထိက ဆရာတော်များက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။ **(၃၆၃)**

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော အမှတ်(၂)ရပ်ကွက် စိမ့်စမ်းရေပေးရေးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၁၃ရက်က ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကျော်ဇင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးထွန်းညိုနှင့် အမှုဆောင်အရာရှိ ဦးတင်မောင်သိန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် စည်ပင်)

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ စဝ်စံထွန်းဆေးရုံလူနာများအား အာဟာရကျွေးမွေး

တောင်ကြီး ဇန်နဝါရီ ၁၅

ရှမ်းပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့နှင့် အမျိုးသမီးရေးရာအဖွဲ့တို့ပူးပေါင်း၍ လူနာများအား အာဟာရတိုက်ကျွေးခြင်း အခမ်းအနားကိုဇန်နဝါရီ၁ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ရှိ အမျိုးသမီးနှင့် ကလေးဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ငွေ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်မြမြလွင်၊ ပြည်နယ်အမျိုးသမီးရေးရာလုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ အမျိုးသမီးနှင့်ကလေး ဆေးရုံအုပ်ကြီး ဒေါက်တာဝင်းမြင့်နှင့် ကျန်းမာရေး ဝန်ထမ်းများ တက်ရောက်ကြသည်။

ထို့နောက် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြတ်ငွေနှင့်အဖွဲ့သည် စဝ်စံထွန်းဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံရှိ ခွဲစိတ်ဆောင်၊ အရိုးအထူးကုသဆောင်နှင့် ဖျားနာဆောင်တို့တွင် တက်ရောက်ကုသနေသော လူနာများအား ကုသဆောင်အလိုက် လှည့်လည်၍ အာဟာရတိုက်ကျွေးကြသည်။ **(အမျိုးသမီးရေးရာ)**

အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံသောအားဖြင့် မုဒုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများ ပူးပေါင်းမတည်ငွေကျပ်သိန်း၅၀ အကုန်အကျခံဆောင်ရွက်ပြီးစီးခဲ့သော မြို့မ(၃)ရပ်ကွက် အောင်သီရိလမ်း ကိုယ့်အားကိုယ်ကိုးကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၂ရက်က ကျင်းပရာ မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် ကြည့်ရှုစစ်ဆေးစဉ်။

(၁၆၈)

မာန်အောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ တည်ဆောက်သော မြို့အဝင်ဆိုင်းဘုတ် ပြုလုပ်ခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၉ ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးဦးသန်းဝင်းကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးအောင်ကျော်ညွှန့်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။

(မြို့နယ် စည်ပင်)

ပေါင်းတည်မြို့ တိုက်နယ်ဆေးရုံနှစ်ရုံအတွက် ဆေးပဒေသာပင် အလှူငွေ ပေးအပ်ပွဲကျင်းပ

ပေါင်းတည် ဇန်နဝါရီ ၂၅

ပဲခူးတိုင်း(အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ်အတွင်း ခုတင်(၅၀)လုံးဆံ့ ပြည်သူ့ဆေးရုံနှင့် ခုတင် (၁၆)လုံးဆံ့ တိုက်နယ်ဆေးရုံနှစ်ရုံအတွက် ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ရက် နံနက် ၉နာရီက ပေါင်းတည်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး နဝရတ်ခန်းမဆောင်၌ ကျင်းပသည်။

ရှင်းလင်းဆွေးနွေး

အခမ်းအနားတွင်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်မောင်သက်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူးဦးလှကြိုင်က ဆေးပဒေသာပင် စိုက်ထူရေးလုပ်ငန်းအကြောင်း ရှင်းလင်းဆွေးနွေးသည်။

အလှူငွေပေးအပ်

ထို့နောက် အလှူငွေပေးအပ်ပွဲကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းငွေကျပ်တစ်သိန်း**(ယာပုံ)**၊ ပေါင်းတည်မြို့နယ် ကုန်သည်ကြီးများအသင်းက ငွေကျပ် ၁၂သိန်း၊ မြို့ပေါ် ရပ်ကွက်ရှိ လုပ်ငန်းရှင်များနှင့် ပြည်သူများက ငွေကျပ် ၅၀၆၈၀၀၊ မှတ်တိုင်အုပ်စုရှိ လုပ်ငန်းရှင်များက ငွေကျပ် ၄၅၈၀၀၀၊ ကျေးရွာအုပ်စု ၅၅အုပ်စုက လုပ်ငန်းရှင်များနှင့် ပြည်သူများက ငွေကျပ် ၂၀၇၃၀၀၀၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ငွေကျပ် ၃၀၀၀၀ နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ကငွေကျပ် ၁၀၀၀၀ တို့ကို လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြောင်းသိရသည်။ **(ဝ၆၄)**

သီပေါမြို့ မီးရထားရပ်ကွက်ရုံး အဆောက်အအုံသစ်ဖွင့်

သီပေါ ဇန်နဝါရီ ၁၆

ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့ မီးရထားရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၇ရက် နံနက် ၁၀နာရီက အဆိုပါရုံးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကား ပြောကြားပြီး မီးရထားရပ်ကွက်ဥက္ကဋ္ဌ ရုံပိုင်ကြီးဦးတင်စိုးဝင်းက ရုံးအဆောက်အအုံနှင့် ပတ်သက်သည့် ရသုံးငွေစာရင်းရှင်းတမ်းနှင့် အလှူရှင်များ၏ အမည်စာရင်း၊ ရုံး၏ သမိုင်းကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မီးရထားရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အဆောက်အအုံသစ်ကို မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးအောင်၊ မြို့နယ် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဟန်နှင့် မီးရထားရပ်ကွက်ဥက္ကဋ္ဌ ဦးတင်စိုးဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(၃၀၆)**

မိုးကောင်း ငွေရတနာဈေး သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာအစည်းအဝေးကျင်းပ

မိုးကောင်း ဇန်နဝါရီ ၈

ကချင်ပြည်နယ် မိုးကောင်းမြို့ ငွေရတနာဈေး သမဝါယမအသင်း လီမိတက်၏ ၂၀၀၄-၂၀၀၅ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာ ၄ရက် မွန်းတည့် ၁၂နာရီက အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း မဏ္ဍပ်သဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒါရိုက်တာအဖွဲ့၏ နှစ်ပတ်လည် လုပ်ငန်းအစီရင်ခံစာကို အုပ်ချုပ်မှုဒါရိုက်တာ ဦးမင်းနိုင်ကလည်းကောင်း၊ ဘဏ္ဍာငွေအရ အသုံးစာရင်း ရှင်းတမ်းကို မြို့နယ် သမဝါယမဦးစီးဌာနမှ ဦးဝိုင်အဒီးကလည်းကောင်း ဖတ်ကြား တင်သွင်းပြီး အသင်းလီမိတက် ကိုယ်စားအသင်းသား ဦးအောင်ကျော်ဦးက မြို့နယ်ပညာရေး ငွေပဒေသာပင်အဖြစ် ငွေကျပ်ငါးသောင်းကို မြို့နယ် ပညာရေးမှူးဦးစောလှမောင်ထံ ပေးအပ်လှူဒါန်းသည်။ **(၄၁၆)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဒီဇင်ဘာ ၂၁ရက်က သပိတ်ကျင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ဖြစ်ကြသော အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

အတွေ့အကြုံ ရှင်းလင်း

သံဖြူဇရပ်မြို့ မြို့နယ်ပညာရေးမှူးရုံးအစည်းအဝေးခန်းမတွင် ဒီဇင်ဘာ ၂၂ ရက်က ကျင်းပသော အာဆီယံ-ဂျပန်ဒေသဆိုင်ရာ လူငယ်တွေ့ဆုံပွဲ (လာအို/၂၀၀၅)အတွေ့အကြုံရှင်းလင်းပွဲ အခမ်းအနားကျင်းပရာ တက်ရောက်ခဲ့သူတစ်ဦးမှ တက်ရောက်ခဲ့သော အတွေ့အကြုံများ ရှင်းလင်းစဉ်။

(မြို့နယ် ပညာရေး)

မြန်မာ့အသံ

၂-၂-၂၀၀၆ (ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အင်္ဂုလိမာလ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအားခေတ်ကျော်လွှား (ဒစ်ဂျစ်တယ်ကမ္ဘာအကြောင်း သိကောင်းစရာ)

၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) Youth လူငယ်မဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၁)
(၂) (ဘဝရသစုံစာစုဝတ္ထုတိုများ- မင်းစိုးယဉ်စီစဉ်သည်)

၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (လူနှလုံးကျန်းမာရေးကို စစ်ဆေးခြင်း-မောင်ဆုရှင်)

၁၂:၃၀ အစာနှင့် အာဟာရ (မန္တလေးမြို့မှ မန္တလေးမုန့်တီ)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၇:၀၀ တပ်မတော်စာတိုက်

၁၇:၁၅ ထူးဆန်းထွေလာသတင်းပဒေသာ

၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)

၁၉:၁၅ ဓာတ်လမ်းပမာနားဆင်စရာ (တူယှဉ်လက်တွဲခိုင်မြဲစေ)

ဒီဇင်ဘာ ၂၇ရက်က ပုလောမြို့ အခြေခံပညာအထက်တန်းကျောင်း နှစ်(၅၀)ပြည့် ရွှေရတုသဘင်အခမ်းအနားၣ ငွေကျပ် ၃၀၆သိန်းတန် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ထားသော နှစ်ထပ်သုံးခန်းတွဲ ရွှေရတုဆောင်အား တနင်္သာရီတိုင်း လက်ထောက်တိုင်းပညာရေးမှူး (စီမံ) ဦးဝင်းဆွေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းရည်၊ ကျောင်းအကျိုးတော်ဆောင် အတွင်းရေးမှူး ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

ပုသိမ်မြို့ ကမ္ဘာအေးလမ်း ကတ္တရာလမ်းသစ်ဖွင့်

ပုသိမ် ဇန်နဝါရီ ၁၂

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ပုသိမ်မြို့ ကမ္ဘာအေးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက်က အဆိုပါလမ်းမုခ်ဦးတွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြပြီး တာဝန်ရှိသူများက လမ်းသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ဆောင်ရွက်

အဆိုပါ ကမ္ဘာအေးလမ်းသည် အရှည်ပေ ၁၃၄၀၊ အကျယ် ၁၂ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေ ကျပ်သိန်း ၅၀ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

သုံးခွမြို့နယ် နာရေးကူညီမှုအသင်းအတွက် မြို့နယ်အသင်း (ရန်ကုန်) ဂုဏ်ထူးဆောင်ဥက္ကဋ္ဌ ရွှေပင်၊ ငွေပင် ဦးသန်းထွန်းနှင့် လှကမ္ဘာပရိဘောဂ ဦးစောလှိုင် မိသားစုတို့က ငွေကျပ်ဆယ်သိန်း ကိုးသောင်းတန်ဖိုးရှိ ရုံးသုံးပရိဘောဂများ လှူဒါန်းပွဲကို ဇန်နဝါရီ ၁၅ရက်က ကျင်းပရာ အလှူရှင်များအား သုံးခွမြို့နယ် နာရေးကူညီမှုအသင်း ဖြစ်မြောက်ရေးအသင်းနာယက ဦးထွန်းလှိုင်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကျောက်ဖြူမြို့၌ စုပေါင်းသန့်ရှင်း

ကျောက်ဖြူ ဇန်နဝါရီ ၁၅

ကျောက်ဖြူမြို့ အရှေ့ပိုင်းရပ်ကွက် ဦးဥတ္တမလမ်းတစ်လျှောက် လမ်းဘေးဝဲယာ ပေါင်းမြက်ရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ပွဲကို ဇန်နဝါရီ ၁ရက်က အဆိုပါလမ်း၌ ကျင်းပရာ ကျောက်ဖြူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမောင်မြင့်နှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့် ရပ်ကွက်သူ ရပ်ကွက်သားများ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြို့သစ်မြို့နယ် မြို့မဈေးကြီးတွင် မီးငြိမ်းသတ်ရေးလုပ်ငန်းများ အစမ်းလေ့ကျင့်ပွဲကို ဇန်နဝါရီ ၇ရက်က ကျင်းပရာ မြို့နယ်မီးသတ်တပ်ဖွဲ့ ဦးစီးမှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အမှုဆောင် အရာရှိနှင့် အဖွဲ့ဝန်ထမ်းများ၊ မြို့မဈေး အရန်မီးသတ် တပ်ဖွဲ့ဝင်များ စုပေါင်း မီးငြိမ်းသတ်လေ့ကျင့်ခြင်းကို ကြည့်ရှုအားပေးစဉ်။ (မြို့နယ်စည်ပင်)

ကျောက်ပန်းတောင်းအထက(၂)ကျောင်းသားဟောင်းများ အာစရိယပူဇော်၊ ငွေပဒေသာပင်စိုက်ထူလှူဒါန်း

ကျောက်ပန်းတောင်း ဇန်နဝါရီ ၁၂

ကျောက်ပန်းတောင်းမြို့ ယခင်စံပြ အခြေခံပညာကျောင်းနှင့် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း၏ ကျောင်းသားကျောင်းသူဟောင်းများ အဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ထာဝရငွေပဒေသာပင် စိုက်ထူလှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ၂၉ရက်က အထက်တန်းကျောင်း ဟောပြောခန်းမတွင် ကျင်းပသည်။

ထို့နောက် အခြေခံပညာအထက်တန်း ကျောင်းအုပ်ကြီး(ငြိမ်း) ဦးထွန်းငွေက ဆုံးမဩဝါဒအမှာစကား ပြောကြားပြီး ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးဝင်းနိုင်က နှစ်စဉ်အာစရိယ ပူဇော်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းသည်။

ဆက်လက်၍ ကွယ်လွန်သွားကြသော ဆရာကြီး ဆရာမကြီးဟောင်းများအား ရည်စူး၍ ရန်ကုန်မြို့ရွှေတိဂုံစေတီတော်ကြီး ရွှေသင်္ကန်းကပ်လှူရန် ငွေပဒေသာပင် တတိယအကြိမ် ကျပ် ၁၀၀၀၀၊ အရှင်ဆန္ဒာဓိက (ရွှေပါရမီတောရ ခမ္မစာပေ)အတွက် တတိယအကြိမ် ကျပ် ၁၀၀၀၀၊ ကျောက်ပန်းတောင်းမြို့ သာသနာ့ပါလဆွမ်းလောင်းအသင်းသို့ အလှူငွေကျပ် ၂၀၀၀၀တို့ကို ပေးအပ်လှူဒါန်းပြီး အမှတ်(၂) အထက်တန်းကျောင်း၏ ဘက်စုံပြုပြင်ရေးအတွက် ကျောင်းသားဟောင်းများမှ လှူဒါန်းကြရာ ဦးမောင်မောင်ဆွေမိသားစု (ဂရိတ်ဝေါကုမ္ပဏီ) ရန်ကုန်က ငွေကျပ်၁၀သိန်း၊ ကျောက်ပန်းတောင်းမြို့ ဦးဗိုလ်ကျော်–ဒေါ်သန်းယုဆွေ(မေယုရွှေဆိုင်)က ငွေကျပ် ၁၀၀၀၀၀နှင့်အတူ အလှူရှင် ရှစ်ဦးတို့က ငွေကျပ် ၂၈သိန်း၊ ရေသန့်စက်ကြီး တစ်လုံးနှင့် ကျောင်းသားဟောင်းများက သုတရသ စာအုပ်ပေါင်း ၁၀၀ ကျော် လှူဒါန်းကြသည်။ **(ဝ၆၁)**

အမရပူရမြို့နယ်၌ ဇီဝလောင်စာဆီထုတ်ရန် ကြက်ဆူပင်များစိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး

မြစ်ငယ် ဇန်နဝါရီ ၁၂

မန္တလေးခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဒီဇင်ဘာ ၂၁ရက်နံနက် ၉နာရီက အမရပူရမြို့နယ် တမုတ်ဆိုးကျေးရွာအုပ်စု မိုင် ၄၀ရှိ ဥယျာဉ်ခြံစည်းရိုးများတွင် စိုက်ပျိုးထားသော ကြက်ဆူပင်များ စိုက်ပျိုးမှုကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်နှင့်အဖွဲ့သည် တမုတ်ဆိုးကျေးရွာအုပ်စုမိုင် ၄၀ ကွင်းအမှတ် (၅၇၀)ရှိ တောင်သူဦးသန်းဆွေ၏ ဥယျာဉ်ခြံစည်းရိုးများတွင် ဖြစ်ထွန်းအောင်မြင်စွာ စိုက်ပျိုးထားသော ကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးရာ ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးလှမြင့်အောင်နှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်မြင့်ဇော်တို့က ဒီဇယ်ဆီအစားထိုး ဇီဝလောင်စာဆီထုတ်ယူရန် စိုက်ပျိုးဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

တိုးချဲ့စိုက်ပျိုးရန်မှာကြား

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကျေးရွာတောင်သူများနှင့်တွေ့ဆုံပြီး ဒီဇယ်ဆီအစားထိုး ဇီဝလောင်စာဆီ ထုတ်ယူနိုင်ရေးအတွက် ကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးကြရန်နှင့် လိုအပ်သည်များကို မှာကြားခဲ့သည်။ **(၂၀၉)**

အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော မဥ္ဇူလမ်း ကတ္တရာခင်းရန် ကျောက်ခင်းနေမှုကို ဇန်နဝါရီ ၂၇ရက်က စစ်ကိုင်းတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသက်နှင်းဦး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် အငယ်တန်းအင်ဂျင်နီယာ(၃) ဦးဇော်ခင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

ဓနုဖြူ ဒီဇင်ဘာ ၂၀

ဓနုဖြူ၌ ဂုဏ်ထူးရှင်ကျောင်းသားများအားဂုဏ်ပြု

ဓနုဖြူမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးကူညီမှုဖြင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ၂၀၀၄–၂၀၀၅ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ဆုချီးမြှင့်ဂုဏ်ပြုပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၃ရက်က ဓနုဖြူ အထက(၁)တေဇခန်းမ၌ ကျင်းပသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုပေးပွဲကို ကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင် နှစ်ဦးအား မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင် **(အောက်ပုံ)**နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လှလှစိန်တို့က ဆုများပေးအပ်ချီးမြှင့်ပြီး အခြားဘာသာရပ်အလိုက် ဂုဏ်ထူးရသူ ၅၉ဦးတို့အား မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ဝ၈၅)**

မိုင်းခတ်မြို့၌ မြို့ဝင်တံတားဆောက်

မိုင်းခတ် ဒီဇင်ဘာ ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅–၂၀၀၆ခုဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် မိုင်းခတ်မြို့အဝင် ကွန်ကရစ်တံတားကို အငယ်တန်းအင်ဂျင်ယာ(၂)ဦးရဲမင်းအောင်ဦးဆောင်၍ ဒီဇင်ဘာ၂၀ရက်က စတင်ဆောက်လုပ်ခဲ့ရာ အမှုဆောင်အရာရှိ ဦးဝင်းဇော်က ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နမ့်ခမ်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅–၂၀၀၆ ဘဏ္ဍာရေးနှစ်အတွက် ဇန်နဝါရီ ၇ရက်က သဇင်လမ်း (မြို့ပြ) လမ်းကို ကျောက်ချောလမ်း အဆင့်မြှင့်၍ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင် ရွက် နေစဉ်။
(မြို့နယ်ပြန်/ဆက်)



မွေးနေ့ဆုတောင်း

သားရဲ့ပြည့်ဖြိုး(ခ)ကိုဖြိုး

သားရဲ့ ၃၁-၁-၂၀၀၆ ရက်တွင်ကျရောက်ခဲ့သော မွေးနေ့မှစ၍ အမြဲတမ်း အောင်မြင်မှုလမ်းပေါ်မှာ ထာဝရပြည့်စုံစွာ လျှောက်လှမ်းနိုင်ပါစေ။

ဘဘ-ဦးဝင်းမြင့်၊ ဒေါ်ကြီး-ဒေါ်ခင်ညိုညို
မမကြီး-မစန္ဒာမြင့်၊ ကိုကိုကြီး-
တေဇာမြင့်(ခ)ဖိုးသား။

အမည်ပြောင်းခြင်း

ဦးလှထွန်း-ဒေါ်ကတာနှင်းဆီတို့၏သား အထက(၁) လသာ စတုတ္ထတန်း (A)မှ မောင်ရာဇာအား မောင်ဥက္ကာမင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဥက္ကာမင်း။**



ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂လမ်း ရတနာမဏ္ဍူ ဓမ္မရိပ်သာတွင် တည်ဆောက်မည့် စိတ္တဝိဝေက ခြောက်ထပ်ကျောင်းဆောင်အတွက် ရဟန်းဒါယိကာမ ဒေါ်ငယ်(ခ)မမော် ပုဂံကျေးရွာ ဝေါမြို့နယ် ပဲခူးတိုင်းက အလှူငွေကျပ်သုံးသိန်းငါးသောင်းနှင့် ရဟန်းဒါယိကာမ ဒေါ်ထားမြင့် မိသားစု ပုဂံကျေးရွာ ဝေါမြို့နယ် ပဲခူးတိုင်းက အလှူတော်ငွေကျပ်တစ်သိန်းကို ကမ္မဋ္ဌာနာစရိယဆရာတော် အရှင်ဇေယျာနန္ဒ(ပုဂံ) ရှေ့မှောက်၌ လှူဒါန်းရာ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင် ဦးထင်ကျော်က ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ဆွမ်းအောင်ပွဲဓမ္မပူဇာ

ရန်ကုန် ဇန်နဝါရီ ၃၁

ရွှေပြည်သာမြို့နယ် ၅/၁ရပ်ကွက်၊ ရွှေလမ်းအနုဂါမိက ပုည(ဝါတွင်း-ဝါပ)ဆွမ်းလောင်းအသင်းက(၁၂)ကြိမ်မြောက် ဆွမ်းအောင်ပွဲ ဓမ္မပူဇာအဖြစ် ဖေဖော်ဝါရီ၁၃ရက်တွင် ငဖဲဆရာတော်၊ ၁၄ရက်တွင် သာသနဒီပံ မဟာစည်ရိပ်သာ ဆရာတော်၊ ၁၅ရက်တွင် ရွှေပြည်သာ ပရိယတ္တိစာသင်တိုက် ဆရာတော်၊ ၁၆ရက်တွင် ရွှေကာကျောင်းတိုက်(စဥ့်ကိုင်မြို့) ဆရာတော်နှင့် ၁၇ရက်တွင် မုံရွာဆရာတော်တို့က ညစဉ် ၈နာရီမှစ၍ တရားဟောကြားကြမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ဒေါ်လှမြင့်အား ရည်စူး၍ အမှတ် ၁၇၉၊ သိင်္ဂီ(၅) လမ်း (၅)တောင် ရပ်ကွက် သာကေတ မြို့နယ်နေ ကျန်ရစ်သူ သားသမီးများက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရဆေးပဒေသာပင် ကျပ်တစ်သိန်း လှူဒါန်းရာ ဆေးရုံ ဒုတိယ အုပ်ချုပ်ရေးမှူး ဦးသန်းအောင် လက်ခံရယူစဉ်။

(က-ပ)

ဇန်နဝါရီ ၂၀ရက်က မင်္ဂလာဒုံ အမှတ်(၃၂)အခြေခံပညာ မူလတန်းလွန်ကျောင်း ပညာရည်ချွန်ဆုပေးပွဲ၌ ကျောင်းအုပ်ဆရာမကြီး ဒေါ်မေသဇင်က ဒုတိယတန်း ပထမဆုရ မမြတ်နှင်းဆီအား ဆုချီးမြှင့်စဉ်။

(ပညာရေး)

ကိုးဘွဲ့ရဆရာတော် ဓမ္မသဘင်

ရန်ကုန် ဇန်နဝါရီ ၃၁

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာတိုက်သစ်ကျောင်းတိုက်ကြီးမှ ဂန္ထဝါစက ပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ သာသနာပြုနယ်လှည့် ဓမ္မကထိက နိုင်ငံတော်ဘွဲ့ တံဆိပ်တော် ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဖေဖော်ဝါရီ ၁ရက်နှင့် ၂ရက်တို့တွင် ပဲခူးမြို့နာရေးကူညီမှုအသင်း ဓမ္မသဘင်၊ ၃ရက်၌ ဒဂုံမြို့သစ်တောင်ပိုင်း အမှတ်(၂)စက်မှုဇုန် (၄၆) ရပ်ကွက် မြတ်သစ္စာ ဓမ္မာရုံ ဓမ္မသဘင်၊ ၄ရက်တွင် ခရမ်းသုံးခွမြို့နယ် ဆည်ရွာကျေးရွာဓမ္မသဘင်၊ ၅ရက်၌ ထန်းတပင်မြို့ တဝရွှေဂူကြီး မြတ်စွာဘုရားပွဲဓမ္မသဘင်၊ ၆ရက် ညနေ ၆နာရီတွင် ထန်းတပင်မြို့ တဝရွှေဂူကြီးမြတ်စွာဘုရားပွဲ ဆည်းဆာ ဓမ္မသဘင်၊ ည ၈နာရီ၌ ညောင်တုန်းမြို့ သုဓမ္မာပရိယတ္တိ စာပြန်ပွဲဓမ္မသဘင်၊ ၇ရက်တွင် ညောင်တုန်းမြို့ သုဓမ္မာပရိယတ္တိစာပြန်ပွဲ ဓမ္မသဘင်၊ ၈ရက်တွင် ပုသိမ်မြို့ အမှတ်(၁၆) ပိတောက်ချောင်းရပ်ကွက် တရားစခန်း ဓမ္မသဘင်၊ ၉ရက်တွင် ပုဇွန်တောင်မြို့နယ် ကျိုက်တော်ရပ် သပြေကန်ဆရာတော်ကြီး နှစ်ပတ်လည် ဓမ္မသဘင်၊ ၁၀ရက်တွင် ပုသိမ်မြို့ အမှတ်(၁၆)ပိတောက်ချောင်းရပ်ကွက် တရားစခန်း ဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။

တရားပွဲရက် ရရှိပြီးသူများသည် မရမ်းကုန်းမြို့နယ် အမှတ်(၂)ရပ်ကွက် သမိုင်းလမ်းဆုံအနီး ကုလားကျောင်းမှတ်တိုင် အောင်မေတ္တာလမ်းသွယ်(၁)ရှိ မယ်တော်ကြီးဒေါ်ညို ဖုန်း-၀၁-၇၀၈၄၀၃၊ တစ်ဆင့်ဖုန်း- ၀၁-၆၆၄၉၀၉ တို့သို့ ဆက်သွယ်ပင့်ဆောင်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဂွမြို့ စည်ပင်သာယာရေးအဖွဲ့ ၂၀၀၅-၂၀၀၆ဘဏ္ဍာနှစ်၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျောင်းတက်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၁၆ရက်က ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်မောင်က ရှင်းလင်းတင်ပြစဉ်။ (ခရိုင် ပြန်/ဆက်)

သွေးဆေးကန်ဆရာတော် မိုးကုတ်တရားစခန်းဓမ္မခရီးစဉ်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်မြို့ သွေးဆေးကန်တိုက် မဏိရတနာမိုးကုတ်ကျောင်းမှ အဖွဲ့ချုပ်ကြီး၏ ကမ္မဋ္ဌာနာစရိယ ဆရာတော်ဘဒ္ဒန္တတေဇိန္ဒ B.Sc, (Phy:) သည် ဖေဖော်ဝါရီ ၁ရက်မှ ၇ရက်အထိ မဲပလီထန်းတပင် အဖွဲ့ခွဲ(၃၀၂)၌ လည်းကောင်း၊ ဖေဖော်ဝါရီ၁၁ရက်မှ မတ် ၂ရက်အထိ ပုဂံမြို့အဖွဲ့ခွဲ (၃၈၅)၌ လည်းကောင်း ကျေးဇူးတော်ရှင် အဂ္ဂမဟာ ပဏ္ဍိတမိုးကုတ် ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်းခန္ဓပဋိစ္စသမုပ္ပာဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ကံသာကြီးကျေးရွာ ဦးအောင်ငွေ-ဒေါ်အေးအေးမာတို့၏ ကျေးလက်အိမ်ရာဆောက်လုပ်နေမှုကို ဇန်နဝါရီ၁ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခိုင်ထွန်းနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိုးမိုးကျော်တို့ ကြီးကြပ်ဆောင်ရွက်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

ပဲခူးတိုင်း (အနောက်ပိုင်း) ပြည်ခရိုင် ပေါင်းတည်မြို့နယ် ၁၁ လမ်း အခြေခံ ပညာ မူလတန်း ကျောင်း ၏ မိဘ ဆရာအသင်း နှစ်ပတ်လည် အစည်းအဝေး နှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၁ ရက်က ကျင်းပရာ ပေါင်းတည်မြို့နယ် စတုတ္ထတန်း ထူးချွန်ထက်မြက် ပထမဆုနှင့် မြောက်ဥက္ကလာ ဇမ္ဗူရတနာယဉ်ကျေးလိမ္မာ (၃၈)ဖြာ မင်္ဂလာအဆင့်(က)ဖြင့် ပေါင်းတည်မြို့နယ် ပထမရွှေတံဆိပ်ဆုရ မဆုမြတ်ဖြူအား ကျောင်းအုပ်ဆရာကြီး ဦးဉာဏ်မြင့်က ဆုချီးမြှင့်စဉ်။ (၀၆၄)

(၆၈)နှစ်ပြည့်ဝိဇာတမင်္ဂလာနှင့် အသံမစဲပဋ္ဌာန်းပူဇော်မည်

ရန်ကုန် ဇန်နဝါရီ ၃၁

ရန်ကုန်တိုင်း သာကေတမြို့နယ် (၇)အနောက်ရပ်ကွက် မဟာစေတီတိုက် ရန်ကုန်ကျောင်း၌ ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာဝံသ၏(၆၈)နှစ်ပြည့် မွေးနေ့ဝိဇာတ မင်္ဂလာနှင့် (၂၄)ကြိမ်မြောက် အသံမစဲ မဟာ ပဋ္ဌာန်းပူဇော်ပွဲကို ဖေဖော်ဝါရီ ၆ရက်မှ ၁၂ရက်အထိ ခုနစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ (၃၀၂)

ကိုယ်စားလှယ်ကြီးများ၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲနိုင်ရေး အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည့်လုပ်ငန်းစဉ်များ တစ်ခုပြီးတစ်ခု အောင်မြင် ပြည်တွင်းပြည်ပမှ အဖျက်သမားများ၏ အနှောင့်အယှက်အဟန့်အတားများကို ကျော်လွှားပြီး

အမျိုးသားညီလာခံကြီးကို အောင်မြင်ပြီးမြောက်သည်အထိ ကျင်းပသွားမည်

ရန်ကုန် ဇန်နဝါရီ ၃၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲ မှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမားကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊

စာမျက်နှာ ၆ ကော်လံ ၁ ✡

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)



နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- ✵ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✵ အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ✵ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✵ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- ✵ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✵ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✵ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✵ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- ✵ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✵ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✵ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✵ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာ့အလင်း **ဆောင်းပါး အညွှန်း**

- ❒ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များသည် မိမိတို့မျက်နှာပြင်၏ ချို့ယွင်းချက်ကြောင့် စိတ်အားငယ်နေရခြင်းကို မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကုသိုလ်ဖြစ် ခွဲစိတ်ပြုပြင်ပေးလျက်ရှိ။
- ❒ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ဝေဒနာရှင်များအား ကုသိုလ်ဖြစ် ခွဲစိတ်ပြုပြင်ပေးခြင်းသည် မုဒိတာပွားစရာ လုပ်ငန်းကြီးတစ်ရပ်ဖြစ်။

ခြင်ကျား(မအူပင်)၏ ဆောင်းပါး(စာ ၁၀)